ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (22-3-2009) (၅၉၉၀)

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ငဝန်တံတား(မြို့ကွင်း) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပြည်သူတွေရဲ့ ရင်နှစ်သည်းချာ

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက မွေးဖွားလာသူတွေ ဖြစ်တယ်။ ဒို့ဟာ ပြည်သူတွေရဲ့ ရင်နှစ်သည်းချာတွေဖြစ်တာနဲ့အညီ ရောက်ရာဒေသ၊ ကျရာတာဝန်မှာ တွေ့ရတဲ့ပြည်သူလူထုကို ကိုယ့်မိဘ အရင်းအချာပဲလို့ သဘောထားပြီး စောင့်ရှောက်ကြ၊ ကာကွယ်ကြ၊ အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရတယ်။ မိဘပြည်သူတွေဟာ ကိုယ့်သားသမီးဖြစ်တဲ့ ရဲဘော်တို့ကို ချစ်ခင်ရင်းစွဲ ရှိပြီးသားဖြစ်တယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်ချောမောစွာ အသွင်ကူးပြောင်းရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းသောအင်အားနှင့်ပင် ကြိုးပမ်းရမည် ခိုင်မာတောင့်တင်းသည့်ပြည်ထောင်စု၊ စည်းလုံးညီညွတ်သောပြည်ထောင်စု၊ အေးချမ်းတည်ငြိမ်သည့်ပြည်ထောင်စု စသည်ဖြင့် ကောင်းမွန်သော အမွေခံများကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းပေးနိုင်ရေးသည် နိုင်ငံသားတိုင်း၏ လက်ငင်းအရေးကြီးတာဝန်ဖြစ်

နေပြည်တော် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ငဝန်တံတား(မြို့ကွင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ငဝန်တံတား(မြို့ကွင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ငဝန်တံတား(မြို့ကွင်း)ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဟင်္သာတ၊ အင်္ဂပူ၊ လေးမျက်နှာမြို့နယ်တို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပန်းဖွားအဖွဲ့၊

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် ငဝန်တံတား(မြို့ကွင်း) ဖွင့်လှစ်

ဘင်ခရာအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ငဝန်မြစ်ကူး (မြို့ကွင်း)တံတားကို (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်လိုက်ခြင်း ဖြစ်ကြောင်း၊ ယနေ့ ဧရာဝတီသည် ယခင်တုန်းက ဧရာဝတီမဟုတ်တော့ဘဲ ခေတ်သစ်တစ်ခုကို ပြောင်းလဲရောက်ရှိနေပြီ ဖြစ်သည်မှာ သိသာထင်ရှားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီ၏ အဓိကသွားလာရေးသည် ရေကြောင်းလမ်းကိုသာ အားကိုးရခြင်းဖြစ်ကြောင်း၊ တိုင်း၏ အပေါ်ပိုင်းဘက်တွင်သာ ကားလမ်းနှင့် ရထားလမ်းရှိခဲ့၊ အသုံးပြုခဲ့ကြခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ၁၉၈၉ ခုနှစ်ခန့်မှစပြီး ဧရာဝတီတိုင်းအတွင်း၌ တံတားကြီးငယ် တစ်စင်းပြီးတစ်စင်း တည်ဆောက်ခဲ့ရာ ယခုတံတားနှင့်ပါဆိုလျှင် တံတားကြီးစာရင်းဝင် တံတားပေါင်း ၄၅စင်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ တံတားအများဆုံး တည်ဆောက်ပေးခဲ့သည့်တိုင်းလည်း ဖြစ်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ
The Mirror
၂၂-၃-၂၀၀၉
(တနင်္ဂနွေနေ့)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ရည်မျှော် သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသော တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ရာတွင်ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်၊ဗမာ့တပ်မတော်၊မျိုးချစ်ဗမာ့တပ်မတော်စသည့် အမည်အမျိုးမျိုးဖြင့် ခေတ်အလိုက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ တပ်မတော်၏ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည်ပြည့်ဝမှု၊ မျိုးချစ်စိတ်ထက်သန်မှုနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်မှုတို့ ပေါင်းစည်းကြိုးပမ်းခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အတိတ်သမိုင်းတွင် မြန်မာနိုင်ငံအပေါ် လွှမ်းမိုးခြယ်လှယ်လိုသည့် အင်အားကြီးနိုင်ငံမှန်သမျှသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန် သပ်လျှိုသွေးခွဲခဲ့ကြသည်။ ယနေ့ကာလတွင်လည်း တိုင်းရင်းသားများအချင်းချင်း သွေးကွဲစေရန် လုပ်ကြံဖန်တီးနေကြဆဲဖြစ်သည်။ ပြည်တွင်း၊ ပြည်ပအဖျက်သမားများက မည်သို့ပင်နှောင့်ယှက်ဖျက်ဆီး ဖန်တီးလုပ်ဆောင်နေစေကာမူ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့အကြား ဖြစ်တည်နေသည့် ခိုင်ကျည်မြဲမြံသော စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အဖျက်သမားဟူသမျှကို ချေမှုန်းသွားနိုင်မည်သာဖြစ်သည်။

တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်တွင် အခက်အခဲအကျပ်အတည်း အမျိုးမျိုးနှင့် နိုင်ငံတော်ပြိုကွဲပျက်စီးမည့် အန္တရာယ်များနှင့် ကြုံတွေ့ရတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ပြည်ပပယောဂများ၏ ပူးကပ်မှုနှင့် အချိန်ကိုက် တိုက်ခိုက်လာလေ့ရှိသည့် သောင်းကျန်းသူများကိုလည်း ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင် ချေမှုန်းခဲ့ရသည်။

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရည်မျှော်ပြီး ဖွဲ့စည်းဖြစ်တည်လာသည့် တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်၏ မွန်မြတ်သော ဂုဏ်အင်္ဂါနှင့်အညီ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးစီးပွား၊ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့ကို ထာဝရကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးကွဲ၊ ပါလီမန်အမတ်သေဆုံး

ကဘူး မတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်ပါလီမန် အမတ်တစ်ဦးနှင့် ၎င်း၏ကိုယ်ရံတော် လေးဦး သေဆုံးကြောင်း လွတ်မြောက်လာသူတစ်ဦးက ပြောကြားသည်။

ထောက်လှမ်းရေး အရာရှိဟောင်းတစ်ဦးလည်းဖြစ်၊ဟဲလ်မန်ပြည်နယ်တောင်ပိုင်း ပါလီမန်အမတ်တစ်ဦးလည်းဖြစ်သူ ဒက်မိုဟာမက်သည် လာ့ချ်ကာဂါ့ချ် ခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲစဉ် ကားတွင်း၌ရှိနေသည်ဟု ၎င်း၏အစ်ကို အက်တာမိုဟာမက်က ရိုက်တာသို့ ပြောကြားသည်။

မသေဘဲလွတ်မြောက်လာသူ အက်တာမိုဟာမက်က ထိုဗုံးကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျားသူပုန်တို့၏ ရေတပ်ဖွဲ့စခန်းမှ သိမ်းပိုက်မိသော ရေငုပ်သင်္ဘောငယ်တစ်စင်းကို မတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်တို့ လက်ချက်ကြောင့် အီရတ်မိန်းကလေး သေဆုံး

ဘဂ္ဂဒက် မတ် ၂၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုလ်ဆူးမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့် သေနတ်ဒဏ်ရာကြောင့် အသက် ၁၂ နှစ်အရွယ်ရှိ အီရတ်မိန်းကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်တပ်ဖွဲ့မှ ပြောကြားသည်။

ဟာရီရတ်ဒေသရှိ အီရတ် ရဲတပ်ဖွဲ့၏ ရဲစခန်းအနီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များရှိရာသို့ ဦးတည်၍ အီရတ်တပ်ဖွဲ့ဝင်က ကားကို အရှိန်ဖြင့် မောင်းနှင်လာစဉ် အမေရိကန်တို့က ကားရပ်ရန်နှစ်ကြိမ် သတိပေးပြောကြားကြောင်း၊ ထိုသတိပေးချက်ကို အီရတ်တို့က မလိုက်နာကြောင်း၊ ထို့ကြောင့် အမေရိကန်တို့က သေနတ်ဖြင့် လှမ်းပစ်ရာ ကားနှင့်ကိုက် ၁၀၀ ခန့်တွင် ရပ်နေသောမိန်းကလေး သေနတ်မှန်ခံရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က အေပီသတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် အီရတ်စစ်ဘက်ကမူ အမေရိကန်တို့ဘက်မှ သေနတ်ဖြင့် လှမ်းပစ်စဉ် အဆိုပါ မိန်းကလေးသည် အမေရိကန် အခြေစိုက်စခန်းအနီးရှိ ကားတစ်စီးအတွင်းတွင် ၎င်း၏ဖခင်နှင့် အတူရှိနေကြောင်း ပြောကြားသည်။

အင်တာနက်။

သီရိလင်္ကာတပ်ဖွဲ့များ ကျားသူပုန်တို့၏ ရေတပ်စခန်းကို သိမ်းပြီ

ကိုလံဘို မတ် ၂၁

သီရိလင်္ကာအစိုးရတပ်ဖွဲ့များသည် နိုင်ငံမြောက်ဘက်စွန်းနယ်မြေတွင် ကျားသူပုန်များနှင့် အပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်း သူပုန်များ စွန့်ပစ်သွားသည့် ရေတပ်စခန်းကို သိမ်းပိုက်မိကြောင်း မတ် ၂၀ ရက်တွင် စစ်ဘက်က ပြောကြားသည်။

အဆိုပါတိုက်ပွဲတွင် ကျားသူပုန် ၁၁ ဦးတို့၏ အလောင်းများကိုလည်း ရရှိလိုက်သည်။ ယခုအခါ ကျားသူပုန်များသည် နိုင်ငံ၏မြောက်ပိုင်း နယ်မြေအနည်းအကျဉ်းကလေးတွင်သာ ကျန်ရှိတော့သည်။ အစိုးရတပ်ဖွဲ့များအနေဖြင့် ဘက်စုံထိုးစစ်ဆင်ပြီးနောက်မကြာမီတွင် ၂၅ နှစ်တာရှိနေပြီဖြစ်သည့် စစ်ပွဲကို ရပ်စဲနိုင်မည်ဟု မျှော်မှန်းထားသည်။

သူပုန်များသည် မူလာသီဗူးဒေသ၊ အရှေ့မြောက်ပိုင်းကမ်းခြေဒေသ နယ်မြေအကျယ်အဝန်း ၁၁ စတုရန်းမိုင် (၂၈ စတုရန်းကီလိုမီတာ)ကိုသာ ထိန်းချုပ်ထားနိုင်တော့သည်။ ၎င်းတို့ ထိန်းချုပ်ထားရာဒေသတွင် ပြည်သူထောင်နှင့်ချီ၍ ပိတ်မိလျက်ရှိသည်။

ပူသ်ကူဒီရာရိပ္ပုမြို့အနီးရှိ ကျားသူပုန်တို့၏ ရေတပ်အခြေစိုက်စခန်းကို အစိုးရတပ်ဖွဲ့များက သိမ်းပိုက်လိုက်ပြီဖြစ်သည်။ ထိုနေရာ၌ ခေတ်မီသော ဆက်သွယ်ရေးကိရိယာများ၊ ဂြိုဟ်တုစလောင်းများ၊ ကွန်ပျူတာများအပြင် တစ်ယောက်စီး ရေငုပ်သင်္ဘောတစ်စင်းကိုလည်း ရှာဖွေတွေ့ရှိကြောင်း စစ်ဘက်က ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့က သူပုန်များရှိရာနယ်မြေတွင် ပြည်သူအနည်းဆုံး ၁၅၀၀၀၀ခန့် ပိတ်မိနေသည်ဟု ခန့်မှန်းသော်လည်း သီရိလင်္ကာအစိုးရကမူ ပြည်သူ ၅၀၀၀၀ မှ ၆၀၀၀၀ ခန့် ပိတ်မိနေသည်ဟုဆိုသည်။ သူပုန်များအနေဖြင့် အရှုံးနှင့်ရင်မဆိုင်ရစေရန် ထိုပြည်သူများကို လူသားဒိုင်းသဖွယ် အသုံးချနေသည်ဟု အာဏာပိုင်များက စွပ်စွဲသည်။

လောလောဆယ် ဖြစ်ပွားနေသော တိုက်ခိုက်မှုများအတွင်း အရပ်သူ၊ အရပ်သား ၂၈၀၀ တို့ အသက်ဆုံးရှုံးကြရကြောင်း ကုလသမဂ္ဂက ခန့်မှန်းသည်။ သီရိလင်္ကာအာဏာပိုင်များကမူ ထိုမှုများပြားခြင်းမရှိဟု ငြင်းဆိုသည်။ ***အင်တာနက်။***

ပါရှန်ပင်လယ်ကွေ့ ဟောမုဇ်ရေလက်ကြားတွင် ပြီးခဲ့သည့်သောကြာနေ့က အမေရိကန် ထောက်ပံ့ရေးစစ်သင်္ဘောနှင့် တိုက်မိသည့် အမေရိကန်အဏုမြူ ရေငုပ်သင်္ဘောဟတ်ဖို့ဒ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ အဘူဂါရိတ်ဒေသတွင် ဗုံးပေါက်ကွဲခြင်းကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးကို ရာမောက်ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန် ဟဲလ်မန့်တိုက်ပွဲအတွင်း တာလီဘန်စစ်သွေးကြွရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကန်ဒါဟာ မတ် ၂၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် မတ် ၁၈ ရက်က တိုက်ပွဲဖြစ်ရာ တာလီဘန်သောင်းကျန်းသူရှစ်ဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ကြာသပတေးနေ့တွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်နယ်မြို့တော် လာ့ချ်ကာဂါ့ချ် မြို့ပြင်တွင် စစ်ဆင်ရေးပြုလုပ်စဉ် အာဖဂန် အမျိုးသားရဲတပ်ဖွဲ့နှင့် တာလီဘန်စစ်သွေးကြွတို့ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထည့်သွင်းပြောကြား

ယင်းတိုက်ခိုက်မှုကြောင့် တာလီဘန် စစ်သွေးကြွလေးဦး ဒဏ်ရာရရှိခဲ့သော်လည်း အရပ်သားများ သေကျေဒဏ်ရာရရှိခြင်းမရှိကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ ***အင်တာနက်။***

*** ရှေ့ဖုံးမှ**

ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့်အတူ မြို့နယ်ချင်း ဆက်သော ကားလမ်းကြောင်းသစ်များ ထူးခြားစွာ ပေါ်ထွက်လာခဲ့ပြီး ယခင်က တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် နာရီပေါင်းများစွာ အချိန်ကုန်ခံပြီး သွားလာခဲ့ရသည့် ခရီးများသည် ယခု နာရီပိုင်းအတွင်းမှာပင် မြန်မြန်ဆန်ဆန်သွားလာ၍ ရနေပြီဖြစ်ကြောင်း၊ မြင်းကကုန်းတံတားနှင့် ရာဇူဒိုင်တံတား တံတားနှစ်စင်း တည်ဆောက်ပြီးသွားမည်ဆိုလျှင် တိုင်းအတွင်းရှိ မြို့နယ်အားလုံးကို မော်တော်ကားဖြင့် သွားလာနိုင်တော့မည် ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ယခင်က ရထားနှင့်ကား ပူးတွဲသုံးရသည့် နှစ်ကာလ သက်တမ်းကြာရှည်နေပြီဖြစ်သော ဝဝန်တံတားဟောင်းတစ်ခုဖြင့်ပင် ပြည်သူများ၏ ဆက်သွယ်သွားလာမှုကို အထောက်အကူပြုရန် မလုံလောက်နိုင်သည့်အတွက် ယခုကဲ့သို့ ကားတံတားသစ်တစ်စင်းကို သီးခြားတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည့်အတိုင်း တံတားကြီးကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ ဧရာဝတီအထက်ပိုင်းနှင့် အောက်ပိုင်းအကြား ယာဉ်အသွားအလာများ ပိုမိုမြန်ဆန်သွက်လာမည်မှာ သေချာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခင်က ရေလမ်းကိုသာ အဓိကအားကိုးရပြီး သွားရေးလာရေး နှောင့်နှေး ကြန့်ကြာခဲ့ရသည့် ဧရာဝတီသည် တိုးချဲ့တည်ဆောက်ထားသော လမ်း၊ တံတားများကြောင့် ကားလမ်းတံခါးပေါက်များ ပွင့်သွားပြီး အချိန်ကုန်သက်သာမှုနှင့်အတူ ဖွံ့ဖြိုးသည့် ခေတ်တစ်ခေတ်ဆီသို့ တက်လှမ်းလျက်ရှိကြောင်း၊ တိုင်းနယ်မြေ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး စသည့် အခြေအနေများသည်လည်း သွားလာမှု လွယ်ကူသွက်လက်လာသည်နှင့်အမျှ မြင်သာထင်သာစွာ ပြောင်းလဲတိုးတက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုကောင်းမွန်အောင် အထောက်အကူပြုလျက်ရှိပါကြောင်း။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဧရာဝတီတိုင်း ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဝဝန်တံတား(မြို့ကွင်း) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၎င်းကဲ့သို့ ပြောင်းလဲတိုးတက်မှုများ ယခုကဲ့သို့ ရရှိလာရသည်မှာလည်း ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် နိုင်ငံတော်အပိုင်း၏ စေတနာထက်သန်မှု၊ မြော်မြင်တွက်ဆနိုင်မှု၊ အားပေးဖြည့်ဆည်းပေးနိုင်မှုတို့ကြောင့်ဖြစ်သကဲ့သို့ ဧရာဝတီသားများ၏ နိုင်ငံတော်အပေါ် နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ရိုးသားမှု၊ ကြိုးစားမှုတို့ကြောင့်လည်း ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အပိုင်းနှင့် ပြည်သူအပိုင်းများအကြား လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့် တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှုစသော အရည်အချင်းကောင်းများကြောင့်လည်း တိုးတက်မှုများကို ယခုကဲ့သို့ သယ်ပိုးနိုင်ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားစုသုံးရပ် အပြန်အလှန် နားလည်မှုရှိရှိ ဦးထမ်းပဲ့ထမ်း လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပြီး တိုးတက်မှု၊ အောင်မြင်မှုများကို ဖော်ဆောင်နိုင်မည်ဆိုသည့် သင်ခန်းစာကောင်းသည် ဧရာဝတီက ရရှိလျက်ရှိကြောင်း။

၂၀၀၈ ခုနှစ် မေလဆန်းက ဧရာဝတီတိုင်း တောင်ပိုင်းရှိ မြို့နယ် ခုနစ်မြို့နယ်ကို ပြင်းထန်စွာ တိုက်ခတ်ဖျက်ဆီးခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကို အရေးပေါ် ကယ်ဆယ်ကုစားပြီး ပြန်လည်ထူထောင်သောဖြစ်စဉ်တွင် အစိုးရပိုင်း၊ ပြည်သူပိုင်း၊ တပ်မတော်ပိုင်း အင်အားစုများပေါင်းစည်းပြီး ဟန်ချက်ညီညီ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၊ လူတန်းစားအစုံ၊ အလွှာစုံ မြို့ရော၊ တောပါမကျန် ညီညီညွတ်ညွတ် စေတနာသဒ္ဓါတရားရှိရှိ အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့သည့်နည်းတူပင် မုန်တိုင်းဒဏ်မခံရသော ၎င်းဒေသအပါအဝင် ကျန်ဧရာဝတီတိုင်းသားများက အမြန်ဆုံးသွားရောက်ပြီး ကိုယ်ရောစိတ်ပါ ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခဲ့ကြသည့်အတွက်လည်း လေဘေးသင့်မြို့နယ်များသည် အချိန်တိုကာလအတွင်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင် ဝမ်းသာပီတိ ဖြစ်ရပါကြောင်း။

၎င်းနေရာတွင် ပြင်းထန်သည့် မုန်တိုင်း၏ဒဏ်ကို ကြံ့ကြံ့ခံပြီး ဘဝရှင်သန်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နိုင်အားရှိသော ဒေသခံ ဧရာဝတီသားတို့၏ ကြံ့ခိုင်သည့် စိတ်ဓာတ်စွမ်းအားကိုလည်း မှတ်တမ်းပြုရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားပေးစောင့်ရှောက် လမ်းညွှန်မှုများနှင့်အတူ ဧရာဝတီသားများသည် ပျက်စီးဆုံးရှုံးမှုဒဏ်များကြောင့် စိတ်ဓာတ်မကျ၊ ဦးညွှတ်မကျဘဲ မြေအုတ်တို့ပြိုရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်မည်ဆိုသည့် ခိုင်မာသော သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ရုန်းကန်လှုပ်ရှားခဲ့ကြသည့်အတွက် ယနေ့ မုန်တိုင်းသင့်ဒေသအချို့သည်ဆိုလျှင် မူလအခြေအနေထက်ပင် ပိုမိုတိုးတက်သော အခြေအနေသစ်ကို မြန်မြန်တက်လှမ်းနေပြီလည်း ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ တစ်ခဲနက်သော ပူးပေါင်းမှု၏ အောင်ပွဲပင်ဖြစ်ကြောင်း ဧရာဝတီက သက်သေပြုနေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက ကားလမ်းများနှင့် တံတားများ၊ ခေတ်မီတယ်လီဖုန်းဆက်သွယ်မှုစနစ်များ၊ ပညာတတ် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်ပေးခြင်းကြောင့် ဧရာဝတီသည် တစ်ဟုန်ထိုး တိုးတက်လာသည့်နည်းတူ ဧရာဝတီတိုင်း၏ရေမြေသဘာဝအရ တည်ရှိနေသော ရေမြေသယံဇာတကောင်းများကို အကျိုးရှိရှိ ဖော်ထုတ်အသုံးချနိုင်သည့်အတွက် စီးပွားရေးတိုးတက်မှု အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာခြင်းပင်ဖြစ်ကြောင်း၊ရေမြေသယံဇာတနှင့် လူများ၏ကြံ့စည်အားထုတ်မှု၊ လုပ်အားစိုက်ထုတ်မှုကို ပေါင်းစပ်လိုက်သည့်အခါ တိုးတက်သော ဧရာဝတီ ဖြစ်လာရခြင်း ဖြစ်ကြောင်း။

ယခင်က တစ်နှစ်ကို စပါးစိုက်ဧက ၃၁ သိန်းကျော်သာ ပုံမှန်စိုက်ခဲ့သည့် ဧရာဝတီတိုင်းသည် ယခုအခါ မိုးစပါးနှင့် နွေစပါး စိုက်ဧကပေါင်း သိန်း ၅၀ ကျော် အထိ တိုးချဲ့ပြီး နိုင်ငံတော်၏ စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းနယ်မြေတစ်ခု ဖြစ်လာကြောင်း၊ စပါးစိုက်ဧက သိန်း ၂၀ ခန့်အထိ ပိုမိုတိုးချဲ့စိုက်လာနိုင်ခြင်းသည် သာမန်အောင်မြင်မှုမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ကြောင်း သိသာထင်ရှားလျက်ရှိကြောင်း။

မတ်ပဲ၊ ပဲတီစိမ်း စသည့် ပဲမျိုးစုံကိုလည်း ဧကသုံးသိန်းနီးပါးခန့် စိုက်ပျိုးရာမှ ယခုဆိုလျှင် ဧက ၁၈ သိန်းကျော် တိုးချဲ့စိုက်လာခြင်း၊ ဆီထွက်သီးနှံကို ဧကနှစ်သိန်းခန့်မှ ဧကခြောက်သိန်းခန့်အထိ၊ နှစ်ရှည်ရော်ဘာပင်ကို ဧက ၁၆၀၀၀ ကျော်အထိ တိုးချဲ့စိုက်လာခြင်းတို့သည်လည်း လယ်ယာ ကုန်ထုတ်လုပ်မှု အောင်ပွဲအဆင့် မြင့်တက်လာခြင်းပင်ဖြစ်ကြောင်း။

ထို့အတူ အခြေအနေပေးသော ငါး၊ ပုစွန် မွေးမြူမှုများကိုလည်း ငါးကန်ဧက တစ်သိန်းကျော်၊ ပုစွန်ကန်ဧက ၅၆၀၀၀ ကျော် တိုးချဲ့မွေးမြူနိုင်ပြီးဖြစ်သည့်အတွက် အကျိုးအမြတ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ဘဲ၊ ဝက်နှင့် ဒေသကြက် အများဆုံးမွေးမြူနိုင်သော နယ်မြေလည်းဖြစ်လာသည့်အတွက် ခြုံလိုက်လျှင် ဧရာဝတီတိုင်းသည် မိမိတို့အတွက် စားနပ်ရိက္ခာဖူလုံရုံသာမက ပိုလျှံသည်များကို အခြားပြည်နယ်/တိုင်းများ၊ အထူးသဖြင့် ရန်ကုန်တိုင်းကိုရော၊ ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချလျက်ရှိသော စီးပွားရေးအခြေခံအားကောင်းသည့် ဒေသကြီးတစ်ခု ဖြစ်ကြောင်း။

ထို့ကြောင့် ဧရာဝတီတိုင်း၏ စီးပွားရေးအတက်အကျသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကရောင်ပြန်ဟပ် အရေးပါလျက်ရှိသည့်အတွက် ဧရာဝတီတိုင်းသားများသည် မိမိတစ်ဦးချင်း၏ စီးပွားရေးအခြေအနေကိုရော၊ မိမိတိုင်းနယ်မြေ၏ စီးပွားရေးအခြေအနေကိုပါ တိုးတက်မြင့်မားနေအောင် ဖိဖိစီးစီးကြိုးစားရန် အရေးကြီးလှကြောင်း၊ ယင်းကဲ့သို့ ကြိုးစားအားထုတ်နေခြင်းသည် နိုင်ငံတော်တစ်ရပ်လုံး၏ အမျိုးသားစီးပွားရေးအခြေအနေကို မြင့်မားတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဆက်စပ်ခံယူနိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်/တိုင်းအလိုက်၊ ဒေသအလိုက် အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆက်စပ်လုပ်ကိုင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးအတွင်းတွင် ဖွံ့ဖြိုးတိုးတက်သည့်ဒေသ၊ ဖွံ့ဖြိုးဆဲဒေသနှင့် ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသဆိုပြီး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ ရှိနေသေးသည့်အတွက် နိုင်ငံတော်အကြီးအကဲက ဒေသတစ်ခုနှင့် တစ်ခုအကြား စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ မြန်မြန်တိုးတက်လာရေး၊ ပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်း ပြည့်စုံမြင့်မားလာရေးအတွက် ရည်မျှော်ပြီး ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ချမှတ်ပေးပြီး **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❁

ဧရာဝတီတိုင်း ဟသ်ာတခရိုင် အင်္ဂပူမြို့နယ်ရှိ ဝဝန်တံတား(မြို့ကွင်း)ကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဝေန်တံတား(မြို့ကွင်း)ပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၃ မှ**

လက်တွေ့ကျကျ ချိတ်ဆက် အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ယင်းကဲ့သို့ အခြေအနေမျိုးတွင် တိုင်းရင်းသားပြည်သူအားလုံးကလည်း နိုင်ငံတော်၏ စေတနာနှင့်ရည်မှန်းချက်ကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်၏ လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ညီညီညွတ်ညွတ်နှင့် ဖိဖိစီးစီး အလုပ်လုပ်ကြရန် အထူးလိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

နိုင်ငံတော်ကို ခေတ်မီ လမ်းတံတားအခြေခံများ၊ အဆင့်အတန်းမြင့်မားသည့် ပညာရေးနှင့်ကျန်းမာရေးအခြေခံများ၊ ခေတ်မီသော စီးပွားရေးအခြေခံများနှင့် ပြည့်စုံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် တည်ဆောက်သည့် အခါတွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်စွာ အလုပ်ကြိုးစားရန် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအခြေအနေ လွှမ်းခြုံခိုင်မြဲနေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်တက်ကြွနေရန် အခြေခံအားဖြင့်လိုအပ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်ချောမောစွာ အသွင်ကူးပြောင်းရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းသော အင်အားနှင့်ပင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခိုင်မာတောင့်တင်းသည့် ပြည်ထောင်စု၊ စည်းလုံးညီညွတ်သော ပြည်ထောင်စု၊ အေးချမ်းတည်ငြိမ်သည့် ပြည်ထောင်စု စသည်ဖြင့် ကောင်းမွန်သော အမွေများကို နောင်လာနောက်သားများအား လက်ဆင့်ကမ်းပေးနိုင်ရေးသည် ယနေ့ ဧရာဝတီတိုင်းသားများပါဝင်သည့် နိုင်ငံသားတိုင်း၏ လက်ငင်းအရေးကြီးတာဝန် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဘဏ္ဍာငွေမြောက်မြားစွာအကုန်အကျခံ တည်ဆောက်ထားသည့် လမ်း၊ တံတားများကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ၊ ဧရာဝတီတိုင်းတွင်လိုပင် အခြားလိုအပ်သော နယ်မြေဒေသများ၌ လမ်း၊ တံတားအခြေခံများ တိုးချဲ့တည်ဆောက်ပေးနိုင်ရန်အတွက် စီးပွားရေးအင်အားတောင့်တင်းအောင် ကြိုးပမ်းကြပါ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကြိုးပမ်းတည်ဆောက်ကြပါဟု ပြောကြားသွားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ဆိုလျှင် ဧရာဝတီတိုင်းရှိ ဝေန်မြစ်အတွင်း တတိယ တံတားအသစ် တစ်စင်း ထပ်မံပေါ်ထွန်းလာသည့်နေ့ ဖြစ်ကြောင်း။

လက်ရှိအသုံးပြုနေသည့် ဝေန်မြစ်ကူးရထားလမ်းနှင့် ကားလမ်းပူးတွဲတံတားကို ၁၉၀၇ခုနှစ်ကတည်းကစတင်လျက် နှစ်ပေါင်း ၁၀၀ခန့် အသုံးပြုခဲ့ပြီး ဖြစ်ကြောင်း။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဝေန်တံတား (မြို့ကွင်း) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ဝေန်တံတား (မြို့ကွင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဟသ်ာတမြို့နယ်နှင့် အင်္ဂပူမြို့နယ်အကြား ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ မြို့ကွင်းကျေးရွာအနီးတွင် ကားတံတားတစ်စင်း အသစ်ထပ်မံတည်ဆောက်ရန် လမ်းညွှန်မိန့်ကြားခဲ့ရာမှ အစပြု၍ ဤတံတားကြီး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း။

တံတားသစ်ကြီး ဖြစ်ပေါ်လာပြီဖြစ်သည့်အတွက် တိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ဟသ်ာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် လေးမျက်နှာမြို့နယ်များသို့ ခရီးသည်နှင့်ကုန်စည်များ အကန့်အသတ်ဖြင့် သွားလာနေရခြင်းမျိုးမှ တန် ၆၀ ယာဉ်/ဝန်အလေးချိန်ရှိ ယာဉ်များအထိ လွယ်လင့်တကူသွားလာနိုင်မည်ဖြစ်ရာ ဒေသတစ်ခုအတွင်း လမ်းပန်းဆက်သွယ်မှု အခြေအနေများကို တစ်ဆင့်မြင့်တင်ပေးလိုက်နိုင်ခြင်းဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဝေန်တံတား (မြို့ကွင်း)ဖွင့်ပွဲတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့အပြင် ဝေန်တံတား(မြို့ကွင်း)မှတစ်ဆင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ကွင်းကောက်သို့ ရောက်ရှိနိုင်ပြီး တောင်ဘက်သို့ ငသိုင်းချောင်း-ရေကြည်မှတစ်ဆင့် ပုသိမ်မြို့အထိလည်းကောင်း၊ မြောက်ဘက်သို့ ဘက်ရဲ-ဥသျှစ်ပင်မှတစ်ဆင့် အမ်း-စစ်တွေအထိလည်းကောင်း၊ ပဒါန်း-ကန်စွန်းမမှတစ်ဆင့် မုံရွာမြို့အထိလည်းကောင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေဒေသအတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးရရှိအောင် လမ်းညွှန်စီမံပေးသော နိုင်ငံတော်အကြီးအကဲနှင့်တကွ တံတားကြီးကို တာဝန်ယူတည်ဆောက်ပေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ကာယ၊ ဉာဏ ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ဧရာဝတီတိုင်းမှ ပြည်သူလူထုကြီးတစ်ရပ်လုံးကိုယ်စား ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အဘက်ဘက်က ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်လာအောင် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်နေရာတွင် မရှိမဖြစ် အချက်အချာကျသော အခန်းကဏ္ဍတွင်ပါဝင်နေသည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို လုံခြုံချောမွေ့အောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်း၊ တံတားများ တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို လမ်းညွှန်မိန့်ကြားရာတွင် "တိုင်းရင်းသားညီအစ်ကိုများကြားမှာ အသိဉာဏ်ဖလှယ်နိုင်ဖို့အတွက် ဒေသတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့နေဖို့လိုပါတယ်၊ သွားလာဆက်သွယ်မှုလွယ်ကူကောင်းမွန်အောင် ရထားလမ်းသစ်များ၊ ကားလမ်းသစ်များ ဆောက်လုပ်ပေးနေပြီး လိုအပ်တဲ့နေရာတိုင်းမှာ တံတားကြီးများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း" ပြောကြားခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်များနှင့်အညီ လမ်း၊ တံတားများကို တည်ဆောက်ပေးခဲ့ရာ ၁၉၈၈ခုနှစ်ကစပြီး ယခုအချိန်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနကဤတံတားကြီး အပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း၂၂၀စင်းနှင့် လမ်းဆိုလျှင်လည်း ၆၃၆၄မိုင်အထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်းတွင် ကတ္တရာလမ်း၃၅၉မိုင်၊ ကျောက်လမ်း ၃၃၅မိုင်၊ အမာခံလမ်း ၁၀၈မိုင်၊ မြေလမ်း ၂၄၃မိုင်၊ စုစုပေါင်း ၁၀၆၆မိုင်အထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ယခုဤတံတားကြီးကို ဖွင့်လှစ်ပေးနေသည့်အချိန်တွင်ပင် ပဲခူးတိုင်း ကဝမြို့နယ် ကဝတံတားကိုလည်း (၂၂၁)စင်းမြောက်အဖြစ် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်နေပြီဆိုသည်ကိုလည်း ပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဤတံတားကြီး၏ အုတ်မြစ်ကို သံကူကွန်ကရစ်ဘိုးပိုင်ဖြင့်လည်းကောင်း၊ အောက်ထည်ကို သံကူကွန်ကရစ်တိုင်ဖြင့် လည်းကောင်း၊ အပေါ်ထည်ကို သံမဏိသံပေါင် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့်လည်းကောင်း တည်ဆောက်ထားပြီး တံတားအရှည်သည် ၂၈၃၅ပေရှိကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး နှစ်လမ်းမောင်းတံတားဖြစ်ကာ စုစုပေါင်း တန် ၆၀ရှိသည့် မော်တော်ယာဉ်များကို ဖြတ်သန်းခွင့်ပြုနိုင်မည် ဖြစ်ကြောင်း။

ယခုဝေန်တံတားကြီး (မြို့ကွင်း)ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် ပုသိမ်-မုံရွာလမ်းမကြီး၏ ဧရာဝတီတိုင်း အပိုင်းက လမ်းများသည် ပိုမိုချောမွေ့လာမည်ဖြစ်သကဲ့သို့ မြန်မာပြည်အထက်ပိုင်း ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း ဒေသများနှင့်လည်း အပြန်အလှန် ကုန်သွယ်ဆက်ဆံမှုများသည် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အပိုင်းများသည်လည်း များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည့် လမ်း၊ တံတားများကို သက်တမ်းပြည့် အသုံးပြုနိုင်ရေး ပြည်သူများကလည်း ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ပေးကြပါဟု ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❐

▲ **ကျောဖုံးမှ**

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် လယ်မြေဧက တစ်သိန်းကို ရေသွင်းစိုက်ပျိုးနိုင်ရန်၊ လယ်ယာမြေ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ရန် ဘက်စုံရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ အဓိက ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သော အကြိုတည်ဆောက်မှုလုပ်ငန်း၊ ရေလွှဲဥမင် တည်ဆောက်ခြင်းလုပ်ငန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါကြောင်းဖြင့် ရေလှောင်တမံ ဘက်စုံစီမံကိန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဖြူးချောင်း ရေလှောင်တမံ၌ ရေအားလျှပ်စစ်စီမံကိန်း ထည့်သွင်းအကောင်အထည်ဖော်ရာတွင် ရေအားလျှပ်စစ်စက်ရုံ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်အားရှိပြီး ထွက်ရှိဓာတ်အားများကို ဓာတ်အား ကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးရန် တည်ဆောက်လျက်ရှိကြောင်း၊ စစ်တောင်းမြစ်ဝှမ်း ရေအားအရင်းအမြစ်များမှ ထုတ်ယူသုံးစွဲမည့် ရေအားလျှပ်စစ်စီမံကိန်း ၁၂ခုရှိပါကြောင်း၊ တည်ဆောက်ပြီးဖြစ်သော ပေါင်းလောင်း၊ ခပေါင်း၊ ရဲနွယ်၊ ဇောင်းတူရေအားလျှပ်စစ်စီမံကိန်းများ အခြေအနေ၊ တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ဖြူးချောင်း၊ ကွန်းချောင်း၊ အထက်ပေါင်းလောင်း၊ နန့်ချို၊ သောက်ရေခပ်(၂) ရွှေကျင် စီမံကိန်းများနှင့် တည်ဆောက်ရန် လျာထားသည့် သောက်ရေခပ်(၁)နှင့် ဘောဂတ ရေအားလျှပ်စစ်စီမံကိန်းများ ရှိပါကြောင်း။

ဆက်လက်၍ ဝန်ကြီးက စီမံကိန်း၏ အခြားအစိတ်အပိုင်းများဖြစ်သော ရေယူအဆောက်အအုံလုပ်ငန်း၊ ရေထိန်းတံခါးပွင့်လုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ဖိအားမြင့် သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စက်ရုံရေထုတ်မြောင်း လုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် တည်ဆောက်နေမှု၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၂ ရာခိုင်နှုန်းပြီးစီးမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်သော ဆည်တမံ လုပ်ငန်းပိုင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်သော ရေအားလျှပ်စစ် လုပ်ငန်းပိုင်းတို့မှာ ချိန်ကိုက်ပြီးစီးရန် အရေးကြီးကြောင်း၊ စီမံကိန်းများ စောပြီးစီးပါက ပြည်သူများအတွက် အကျိုးသက်ရောက်မှု မြန်မြန်ရရှိမှာဖြစ်ကြောင်း၊ စီမံကိန်းကြီးသည် ဘက်စုံစီမံကိန်းကြီး ဖြစ်၍ အစစ သတိထားလုပ်ကိုင် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ဖြူးမြို့သို့ ဆက်သွယ်ဖောက်လုပ်နေသည့် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဖြူးမြို့သို့ သွားရောက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဖြူးမြို့နယ် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်နေသော မျက်စိအခမဲ့ ကွင်းဆင်းခွဲစိတ်ကုသခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ခုတင် ၅၀ ဆံ့ ဖြူးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွတ်ကွင်း၊ ညောင်ပင်သာ၊ အုတ်ဖြတ်၊ ဇေယျဝတီ၊ ဖြူး၊ ရွှေကျင်၊ ကျောက်တံတား၊ တောင်ငူ၊ အုတ်တွင်း၊ ဖဒို၊ ပဲနွယ်ကုန်းတို့မှ လာရောက်၍ မျက်စိစမ်းသပ်ကုသသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် မေးမြန်းအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖြူးမြို့ ပြည်သူ့ဆေးရုံ၌ ရန်ကုန်ဆေးတက္ကသိုလ်(၁) မျက်စိရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာတင်ဝင်း ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်နေမှု၊ မှန်ဘီလူးပါဝါတိုင်းနေမှု၊ ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား ဆေးကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ခန်းအတွင်း၌ လက်တွေ့ ခွဲစိတ်ကုသပေးနေမှုကိုပါ ဝင်ရောက်ကြည့်ရှုသည်။

မျက်စိခွဲစိတ်ကုသမှုကို မတ် ၁၉ရက်မှ ယနေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ် ၁၉ ရက်တွင် မျက်စိရောဂါနှင့် စပ်လျဉ်း၍ အထွေထွေစမ်းသပ်ပြီး လူနာ ၃၀၀ကျော်၊ ခွဲစိတ်ကုသရန် စာရင်းကောက်ပြီး လူနာ ၉၀ နှင့် မျက်မှန်ဝေပြီး လူနာ ၃၅ဦးရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁၂နာရီ ၃၅မိနစ်တွင် ပဲခူးခရိုင် ရွှေကျင်မြို့၏အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍တင်ပြရာတွင် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ရေအားလျှပ်စစ် စီမံကိန်းကြီးဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်အတွက် ရွှေကျင်ချောင်းပေါ်၌ ရေလှောင်တမံ အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေရှိ ဇုန်အမျိုးအစားတမံ တည်ဆောက်လျက်ရှိပါကြောင်း၊ အကူရေပိုလွှဲနှင့် ကုန်းကြောတမံတို့မှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ရေလွှဲရေထုတ်ပွင့်၊ ပင်မတမံ၊ ပင်မရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ဖိအားမြင့်သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံတို့ကို ဆက်လက် တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၇ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသော ကာလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန်၊ စီမံကိန်းကြီးပြီးစီးရန် စီမံဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်တောင်းမြစ်ဝှမ်း စီမံကိန်းများ၌ ဤစီမံကိန်းသည် အရေးပါသော နိုင်ငံတော်၏ အကြီးစားစီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းကို လျာထားသတ်မှတ်ထားသည့် ကာလအတွင်း စနစ်တကျ သပ်သပ်ရပ်ရပ် ပြီးစီးအောင် ဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံ အရောက်ပေးပို့မည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအပိုင်းကိုလည်း ချိန်ကိုက်ပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် လုပ်ငန်းပိုင်းအလိုက် အဆောက်အအုံတည်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ညနေ ၃နာရီ ၁၅မိနစ်တွင် မအူပင်မြို့သို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မအူပင်ဒေသသည် ကားလမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးပြီးနောက် ကားလမ်းကြောင်းများ ပေါ်ထွက်လာခဲ့သည့်အခါ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခုတင် ၅၀ ဆံ့ ဖြူးမြို့ ပြည်သူ့ဆေးရုံ၌ ကညွတ်ကွင်း၊ ညောင်ပင်သာ၊ အုတ်ဖြတ်၊ ဇေယျဝတီ၊ ဖြူး၊ ရွှေကျင်၊ ကျောက်တံတား၊ တောင်ငူ၊ အုတ်တွင်း၊ ဖဒို၊ ပဲနွယ်ကုန်းတို့မှ လာရောက်၍ မျက်စိစမ်းသပ်ကုသသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်မေးမြန်းအားပေးစဉ်။ (သတင်းစဉ်)



ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၄ မှ

ဆက်လက်၍ ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဝေန်တံတား(မြို့ကွင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဝေန်တံတား(မြို့ကွင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးရန် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မင်္ဂလာမုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဝေန်တံတား(မြို့ကွင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဝေန်တံတား(မြို့ကွင်း) မုခ်ဦးရှေ့၌ ဖွင့်ပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဝေန်တံတား(မြို့ကွင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် ဝေန်တံတား(မြို့ကွင်း) ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဝေန်တံတား (မြို့ကွင်း)ပေါ်သို့ ဖြတ်သန်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဝေန်တံတား(မြို့ကွင်း)သည် ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်၌ တည်ရှိပြီး တံတားအရှည် ၂၈၃၅ပေရှိသည်။ ပင်မတံတားအရှည်မှာ ၁၀၃၅ပေ၊ ချဉ်းကပ်တံတားအနေဖြင့် ဟသ်ာတဘက်ကမ်းတွင် ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်းတွင် ပေ ၈၄၀ ရှိသည်။ တံတားအကျယ် ၃၄ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင်သုံးပေစီ ပါဝင်သည်။ ပင်မတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ၊ သံပေါင်၊ သံကူကွန်ကရစ်တံတား ဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်တံတားဖြစ်သည်။

ဝေန်တံတား(မြို့ကွင်း)သည် တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ၁၈၀၊ အမြင့် ၁၈ပေရှိပြီး ယာဉ်သွားလမ်းအကျယ်၂၈ပေရှိ၍ နှစ်လမ်းမောင်းတံတားဖြစ်ကာ တန် ၆၀ရှိ မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ပြုနိုင်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ပေ ၁၈၀နှင့်အထက်တံတားများအနက် ယခု ဝေန်တံတား(မြို့ကွင်း)သည် (၄၅)စင်းမြောက်ဖွင့်လှစ်ပေးသောတံတားဖြစ်သည်။ (သတင်းစဉ်)

✻ စာမျက်နှာ ၅ မှ

သိသိသာသာ တိုးတက်လာကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ရင်းနှီးထောက်ပံ့ပြီး ဒေသခံများကလည်း ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြသဖြင့် ဒေသအတွင်း၌ ယခုကဲ့သို့ ဖွံ့ဖြိုးမှု၊ တိုးတက်မှုများ မြန်မြန်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် အလုပ်လုပ်မှုတို့ကြောင့် ဧရာဝတီတိုင်းတစ်တိုင်းလုံး အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း စသည်ဖြင့် နှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မအူပင်ဒေသဖွံ့ဖြိုးတိုးတက်မှု၏ အကြောင်းရင်းများ၊ နိုင်ငံတော်၏ ဦးဆောင်မှုအောက်၌ ပြည်သူ၊ ဝန်ထမ်းနှင့် တပ်မတော်သားများ ထာဝရပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပုံတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း တိုင်းပြည်တည်ဆောက်ရာ၌ မီဒီယာလုပ်ငန်းများ၏ အရေးပါမှု၊ ဧရာဝတီတိုင်း၌ ရုပ်မြင်သံကြားမီဒီယာတိုးချဲ့ပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်သစ်ကို ဖွဲ့စည်းတည်ဆောက်ရာ၌ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ်စဉ်းစား၍ အလေးအနက် သတိထားသင့်သည်များကို သင်ခန်းစာအဖြစ်ရယူ၍ နိုင်ငံတော်၏ စည်းလုံးမှုနှင့် ဖွံ့ဖြိုးမှုကို သယ်ပိုးကြရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများကို နိုင်ငံတော်၏ ဦးဆောင်မှုအောက်၌ ပြည်သူ၊ တပ်မတော်နှင့် ဝန်ထမ်းများ၏ ပူးပေါင်းမှုအားကို ရယူ၍ ပြန်လည်ထူထောင် လုပ်ကိုင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ မုန်တိုင်းဒဏ်သင့် ဒေသခံများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင် အောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခုတင် (၅၀)ဆံ့ ဖျာပုံမြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအတွင်း မျက်စိဝေဒနာရှင်များအား လက်တွေ့ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်

(သတင်းစဉ်)

ဖျူးချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဖျူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **-ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ (အပိုင်း-၆)**
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **-သံစဉ်မဲ့ကဗျာ**
- ၁:၃၀ ၆။ ကျန်းမာသုတ
- ၁:၄၅ ၇။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **-မောင်နဲ့သာဆိုရင် (အပိုင်း-၃၂)**
- ၂:၄၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနဲ့ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီ ရုပ်မြင်သံကြား သတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
- ၇:၀၀ ၁၃။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **-အဖေတူသား (ပထမပိုင်း) လူမင်း၊မင်းမော်ကွန်း၊ ထွန်းထွန်း၊နန္ဒာလှိုင်၊ ပန်းဖြူ၊သက်မွန်မြင့်၊ (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၈:၀၀ ၁၄။ မြဝတီ ရုပ်မြင်သံကြား သတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **-အဖေတူသား (ဒုတိယပိုင်း) လူမင်း၊မင်းမော်ကွန်း၊ ထွန်းထွန်း၊ နန္ဒာလှိုင်၊ ပန်းဖြူ၊ သက်မွန်မြင့်၊ (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်ရှိ မြောက်ယမားရေကူရေလှောင်တမံကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းသည် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသောဒေသ ဖြစ်သော်လည်း ယခုအခါ မြစ်ရေတင်စီမံကိန်းများဖြင့် နွေစပါး၊ မိုးစပါးများကို စိုက်ပျိုးနိုင်ပြီဖြစ်သည်။

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာဧက (သန်း)	၂၃. ၈	၅၃. ၁	၂၉. ၃
၂	တည်ဆောက်ပြီးဆည်တမံ	၁၃၈	၃၅၅	၂၁၇
၃	တည်ဆောက်ဆဲဆည်တမံ	-	၃၃	၃၃
၄	ဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်း	-	၃၂၂	၃၂၂
၅	ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း	-	၄၁	၄၁
၆	စုစုပေါင်းအကျိုးပြုဧရိယာဧက(သန်း)	၁. ၃၅	၅	၃. ၆၅
၇	သီးထပ်ဧရိယာဖြစ်ထွန်းမှုဧက(သန်း)	၃. ၈၉	၁၉. ၉	၁၆. ၀၁
၈	မိုးစပါးစိုက်ဧက(သန်း)	၁၁. ၈၁	၁၇	၅. ၁၉
၉	နွေစပါးစိုက်ဧက(သန်း)	-	၀. ၉၂	၀. ၉၂
၁၀	စုစုပေါင်းစပါးထုတ်လုပ်မှုတင်း(သန်း)	၆၃၀	၁၅၀၀	၈၇၀
၁၁	နိုင်ငံ့ဝမ်းစာဖူလုံမှု(ရာခိုင်နှုန်း)	၁၀၂	၁၇၃	၇၁
၁၂	ပဲမျိုးစုံစိုက်ဧက(သန်း)	၁. ၈	၁၀. ၁	၈. ၃
၁၃	ဆီထွက်သီးနှံစိုက်ဧက(သန်း)	၁. ၃၆	၈. ၇၅	၇. ၃၉

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး တည်ဆောက်ပြီးစီးနေပြီဖြစ်သော ကဒပွနရေထိန်းတံခါးကို တွေ့ရစဉ်။

တပ်မတော်နှင့်ပြည်သူ အတူလက်တွဲ ရန်စွယ်အန္တရာယ် ကင်းစင်မြဲ

(၆၄)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

တပ်မတော်အင်အားရှိမှ တိုင်းပြည်

တပ်မတော်ဆိုသည်မှာ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူများအား ကာကွယ်စောင့်ရှောက်ရသော မျိုးချစ်အင်အားစုကြီးပင်ဖြစ်သည်။ နိုင်ငံတိုင်းမှာပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်ပေးရန် တပ်မတော်များ ဖွဲ့စည်းထူထောင်ထားကြသည်။

နိုင်ငံကို ကာကွယ်စောင့်ရှောက်ပေးရသည့် တပ်မတော်ကို ယင်းနိုင်ငံသားပြည်သူများ၊ ပြည်သူ့သားသမီးများဖြင့် ဖွဲ့စည်းထားရသည်။ နိုင်ငံတစ်ခု၏ တပ်မတော်တွင် ယင်းနိုင်ငံသားများမဟုတ်သည့် တိုင်းတစ်ပါးသားများပါဝင်နေလျှင် ထိုတပ်မတော်သည် ကြေးစားတို့ဖြင့် ဖွဲ့စည်းသောတပ်(သို့မဟုတ်) ယင်းနိုင်ငံကို ကျူးကျော်သိမ်းပိုက်ကျွန်ပြုထားသော နယ်ချဲ့နိုင်ငံများမှ နယ်ချဲ့တပ်များသာ ဖြစ်ပေမည်။ ထိုတပ်မျိုးကို အမျိုးသားတပ်မတော်ဟူ၍ အသိအမှတ်မပြုကြချေ။

နိုင်ငံတိုင်းမှ နိုင်ငံသားများတွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော စိတ်ဓာတ်ရှိကြသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးများ ငြိမ်းချမ်းလုံခြုံသာယာဝပြောစေလိုသော စေတနာရှိကြသည်။ မိမိအပါအဝင် မိမိတို့နိုင်ငံသား ပြည်သူများနှင့် မိမိတို့နိုင်ငံတော် (ဝါ)အမိမြေကို တိုင်းတစ်ပါးလက်အောက် အရောက်မခံနိုင်၊ ကိုယ့်မြေကိုယ့်ရေမှ ရရှိသမျှ ခနဉစ္စာကို မိမိတို့သာ ထာဝရပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံသားများအဖြစ် ရှိနေစေလိုသော ဆန္ဒများရှိကြသည်။ ဤသို့သော စိတ်ဓာတ်၊ စေတနာ၊ ဆန္ဒများ ပေါင်းစုလိုက်သောအခါ မျိုးချစ်စိတ်ဓာတ်(ဝါ)တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်(ဝါ) ပြည်ထောင်စုစိတ်ဓာတ်ဟူ၍ ဖြစ်တည်လာပေသည်။

တောင်သူလယ်သမားများသည် ဤသို့သော မျိုးချစ်စိတ်ဓာတ်ဖြင့် ကိုယ့်နိုင်ငံ ထာဝရတည်တံ့ဖွံ့ဖြိုးဝေစည်လာအောင် အစွမ်းကုန် စိုက်ပျိုးထုတ်လုပ်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ထိုသို့ စေတနာနှင့် လုံ့လဝီရိယထားပြီး ကြိုးစားလုပ်ကိုင်ခြင်းဖြင့် မိမိတို့၏မျိုးချစ်စိတ်ဓာတ်ကို ကာယကံမြောက် အကောင်အထည်ဖော်ကြသည်။ အလုပ်သမား [ကာယအလုပ်သမား၊ ဉာဏအလုပ်သမား (သို့မဟုတ်) အသိပညာ၊ အတတ်ပညာတို့ကို အားပြုလုပ်ကိုင်သူ] များသည် မိမိတို့တတ်သိနားလည်ကျွမ်းကျင်သော လုပ်ငန်းများ၌ တက်ကြွစွာ လုံ့လစိုက်ထုတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာအောင် မျိုးချစ်စိတ်ဓာတ်ကို ဒိဋ္ဌမမှ အကောင်အထည်ဖော်ကြသည်။

လူငယ်လူရွယ်များသည် ခေတ်မီအဆင့်မြင့်ပညာရပ်များကို လူငယ်တို့ အားမာန်ခွန်အားကိုသုံးပြီး လေ့လာသင်ကြားကာ လက်တွေ့နိုင်ငံတည်ဆောက်ရေး၌ စွမ်းရည်မြင့်မားသော လူသားအရင်းအမြစ်ကောင်းများဖြစ်လာအောင် ကြိုးပမ်းခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ကို လက်တွေ့အကောင်အထည်ဖော်ကြရသည်။ ဈေးသည်၊ ကုန်သည်၊ ရောင်းဝယ်ဖောက်ကား၊ စီးပွားရေးနယ်ပယ်၌ ပါဝင်လျက်ရှိကြသော နိုင်ငံသားတိုင်းသည်လည်း မိမိတို့၏ စီးပွားရေးနယ်ပယ်၌ မိမိတို့လည်း ထိုက်သင့်သော အကျိုးအမြတ်ရစေပြီး ကုန်ပစ္စည်းထုတ်လုပ်သော လုပ်အားရှင်များလည်း လျောက်ပတ်သော ခံစားခွင့်များရရှိကာ စားသုံးသူပြည်သူများအတွက်လည်း သက်သာချောင်ချိစေလျက် နိုင်ငံစီးပွားတိုးတက်မြင့်မားအောင် စိတ်ရင်းစေတနာမှန်ကန်စွာ ဆောင်ရွက်လုပ်ကိုင်ရင်း မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို အကောင်အထည်ဖော် ပြကြပေသည်။

နိုင်ငံတော် လုံခြုံစေရန်၊ ငြိမ်းချမ်းသာယာစေရန်၊ တိုင်းတစ်ပါး၏ ကျူးကျော်မခံရစေရန်၊ ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရန် ကာကွယ်ပေးရသည့် လက်နက်ကိုင်ကာကွယ်ရေးအင်အားစုကြီးတွင် ရဲများ၊ တပ်မတော်သားများ ပါဝင်ပေသည်။ တပ်မတော်သားများကား နိုင်ငံတော်ကာကွယ်ရေး၊ အချုပ်အခြာအာဏာ(လွတ်လပ်ရေး) ထာဝရတည်မြဲရေးအတွက် ရင်ကိုမြေကတုတ်လုပ်ပြီး စွန့်လွှတ်စွန့်စား အသက်ပေးဆောင်ရွက်ကြရသူများ ဖြစ်သည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်၊ စီးပွားကုန်သွယ်နယ်ပယ်မှ ပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲများသည် မိမိတို့ကျရာတာဝန်ကို စိတ်ပါလက်ပါ ထမ်းဆောင်ကျေပွန်ခြင်းဖြင့် မိမိတို့၏မျိုးချစ်စိတ်ဓာတ်ကို ဖော်ထုတ်ပြသလေ့ရှိကြသည်။ တပ်မတော်သားများက အသက်ပေးပြီး မျိုးချစ်စိတ်ဓာတ်ကို အကောင်အထည်ဖော်နေရသူများ ဖြစ်ပေသည်။

နိုင်ငံတိုင်းတွင် တပ်မတော်(စစ်တပ်)များ ရှိပေသည်။ ယင်းတပ်မတော်များမှ တပ်မတော်သားများသည် မိမိတို့ နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ကြပေသည်။ ဝိသမစီးပွားရေးလောဘ လွန်လာသော၊ စစ်အင်အားမာနလွန်လာသော၊ လူ့ယဉ်ကျေးမှုကိုကျော်ခိုင်းပြီး လူသားချင်းစာနာထောက် ထားမှု အသိကင်းမဲ့သည့် မောဟမိုးမွှန်လာသော၊ မိမိတို့၏ မတော်လောဘအတွက် ခက်ထန်ကြမ်းကြုတ်စွာ အကြမ်းဖက်ဒေါသမြင့်တက်လာသော နိုင်ငံများသည် အခြားနိုင်ငံများသို့ နယ်ချဲ့လာကြသည်။ ဖက်ဆစ်ဝါဒဖြင့် ဗိုလ်ကျရမ်းကားလာကြသည်။ ယင်းသို့သော လောဘလွန်၊ မောဟမွှန်၊ ဒေါသကျွံ၊ မာနတံခွန်ထူလာသော နိုင်ငံများမှ စစ်တပ်များသည်ကား နယ်ချဲ့တပ်၊ ကျူးကျော်တပ်၊ ဖက်ဆစ်တပ်၊ ခါးပိုက်ဆောင်တပ်များဖြစ်လာသည်။ ကြေးစားတပ်ဆန်လာလေသည်။

မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ နယ်ချဲ့လောဘမျိုးဖြင့် မကျူးကျော်၊ မိမိတို့နိုင်ငံကို ကျူးကျော်လာသော ပြည်ပကျူးကျော်သူများကိုမူ သတ္တိပြောင်စွာ တွန်းလှန်တိုက်ထုတ်ပစ်လေ့ရှိသည်။ မိမိတို့နိုင်ငံအားလာရောက်တိုက်ခိုက်ကျူးကျော်သော ရန်သူများကို တွန်းလှန်မောင်းထုတ်ရာ၌ ၎င်းတို့လာရင်းဒေသ ရေဆုံးရေဖျားအထိ လိုက်လံတိုက်ခိုက်ကာ နောက်ထပ်မကျူးကျော်ဝံ့အောင် ပညာပေးလေ့ရှိသည်။ ၁၈၂၄ခုနှစ်မှစ၍

> နိုင်ငံတော် လုံခြုံစေရန်၊ ငြိမ်းချမ်းသာယာစေ
> အေးချမ်းစွာ နေထိုင်နိုင်ရန် ကာကွယ်ပေးရသည့်
> တပ်မတော်သားများ ပါဝင်ပေသည်။ တပ်မတော်သားမ
> (လွတ်လပ်ရေး) ထာဝရတည်မြဲရေးအတွက် ရင်က
> ဆောင်ရွက်ကြရသူများဖြစ် ...

ကောင်းကျိုးဆောင်ဖော် တပ်မတော်

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
ဖွံ့ဖြိုးစည် ဘေးမသန်း
အေးချမ်းသာရေး။

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
တိုင်းရင်းဆွေ တရင်းတနီး
စည်းလုံးညီရေး။

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
နိုင်ငံတော် ဥပဒေသစ်နဲ့
ခေတ်မီဖို့ရေး။

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
စီးပွားရေးကဏ္ဍများ
တိုးပွားစေရေး။

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
ယဉ်ကျေးမှုအမွေအနှစ်
ထွန်းသစ်စေရေး။

☆ ဒို့တပ်မတော်
ပုံဖော်လို့ပေး။
မျိုးချစ်မာန် ဂုဏ်ဇာတိကို
ကမ္ဘာသိစေရေး။

☆ ဒို့တပ်မတော်
ဖော်ဆောင်ခဲ့မနေ့။
ဘက်ပေါင်းစုံ ဦးတည်ချက်တွေနဲ့
ထမ်းရွက်တယ်လေး။

☆ ဒို့တပ်မတော်
ဖော်ဆောင်ခဲ့မနေ့။
ကမ္ဘာတွင်ရင်ပေါင်တန်းနိုင်ဖို့
လမ်းသစ်ဖွင့်ပေး။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် -

ရေနံ့သာမောင်ကျော်ညွန့်

○ ကျောဖုံးမှ

ထို့ကြောင့် "ထာဝရ"ရုပ်မြင်သံကြားဇာတ်လမ်း၏ တွဲဖက်ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးသားသူ ဖြစ်သော ဗိုလ်ကြီး တင်အောင်စိုး (တင်အောင်စိုး-ပန်းမြို့တော်)နှင့် တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့သည်။

"တကယ့်အဖြစ်အပျက်ကို အခြေခံပြီး (ကြည်း၊ ရေ၊ လေ) တပ်မတော်သားတွေရဲ့ လုပ်ဆောင်ချက်တွေ၊ နာဂစ် မုန်တိုင်းဒဏ်ကြုံတွေ့ခဲ့ရတဲ့ ဒေသခံတွေရဲ့ တကယ့်ခံစားချက်တွေကို မြင်တွေ့ရပြီး ဒီရုပ်မြင်သံကြားဇာတ်လမ်းကို ရေးဖွဲ့ဖြစ်ခဲ့တာပါ။ ဒီရုပ်မြင်သံကြားဇာတ်လမ်းဟာ ကျွန်တော်တွဲဖက်ဒါရိုက်တာအဖြစ် ပထမဆုံး တာဝန်ယူရိုက်ကူးခဲ့ခြင်းလည်း ဖြစ်ပါတယ်" ဟု ဗိုလ်ကြီးတင်အောင်စိုး (တင်အောင်စိုး-ပန်းမြို့တော်)က ရှင်းပြသည်။

" ဒီဇာတ်လမ်းကို ရန်ကုန်၊ ဖျာပုံ၊ ဘိုကလေး၊ ချောင်းသာနဲ့ ဂျိုးဖြူတို့မှာ သွားရောက်ရိုက်ကူးခဲ့တာပါ"

ဗိုလ်ကြီးတင်အောင်စိုး [တင်အောင်စိုး(ပန်းမြို့တော်)]

"ဒီရုပ်မြင်သံကြားဇာတ်လမ်းကို နာဂစ်မုန်တိုင်းဒဏ်ခံရပြီး တစ်ပတ်အကြာ ဖျာပုံမြို့ဝန်းကျင် ဒေသတွေကို သွားရောက်ခဲ့ပြီး ကိုယ်တိုင်မြင်တွေ့ခံစားရမှုတွေ၊ ဒေသခံတွေ၊ ကိုယ်တိုင် မုန်တိုင်းဒဏ်ခံရသူတွေကို မြင်တွေ့ခံစားရပြီး ရေးဖွဲ့ဖြစ်ခဲ့တာပါ။ "ထာဝရ" ရုပ်မြင်သံကြား ဇာတ်လမ်းကို ရိုက်ကူးခဲ့တဲ့နေရာတွေကတော့ ရန်ကုန်၊ ဖျာပုံ၊ ဘိုကလေး၊ ချောင်းသာနဲ့ ဂျိုးဖြူတို့မှာ နှစ်လကြာ ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ထာဝရ" ရုပ်မြင်သံကြား ဇာတ်လမ်းတွင် (ကြည်း၊ ရေ၊ လေ) တပ်မတော်သား သူငယ်ချင်းသုံးဦးအကြောင်း၊ စစ်သည်တစ်ဦး၏ဘဝဇာတ်ကြောင်းတို့နှင့် သဘာဝဘေးအန္တရာယ်အဖြစ်ဆိုး ကြုံတွေ့ရမှု၊ နှလုံးသားရေးရာများအား ဘေးဖယ်ထားပြီး တာဝန်ကို အဓိကအလေးအနက်ထား ဆောင်ရွက်သည့် တပ်မတော်သားများစသည်တို့ကို လွမ်းဆွတ်ကြေကွဲဖွယ်ရာ ရိုက်ကူးတင်ပြထားသည်။

"ဒီရုပ်မြင်သံကြားဇာတ်လမ်းမှာ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေတိုး၊

"တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်းတွေ အရင်ကလည်း သရုပ်ဆောင်ခဲ့ဖူးပါတယ်"

(မင်းမော်ကွန်း)

နေမျိုးအောင်၊ မြင့်မြတ်၊ ထူးခန့်ကျော်၊ ဇော်ရဲထက်၊ အိန္ဒြာကျော်ဇင်၊ သဇင်နဲ့ မိုးဟေကိုတို့အဓိက ပါဝင်သရုပ်ဆောင်ထားကြပါတယ်။သရုပ်ဆောင်တွေအားလုံး အနုပညာအားတွေ အပြည့်ထည့်ပြီး သရုပ်ဆောင်ခဲ့တာမို့ ဇာတ်ကားအပေါ် အတော်အားရကျေနပ်မိပါတယ်" ဟု ဗိုလ်ကြီးတင်အောင်စိုးက ရှင်းပြသည်။

"ထာဝရ" ရုပ်မြင်သံကြား ဇာတ်လမ်း ရိုက်ကူးခဲ့ရာတွင် ရိုက်ကွင်း အခက်အခဲများရှိခဲ့သဖြင့်

တိုင်းပြည်အင်အားရှိမည်

လုပ်ကိုင်ရင်း မိမိတို့၏ မျိုးချစ်စိတ်ဓာတ်ကို
သည်။

ငြိမ်းချမ်းသာယာစေရန်၊ တိုင်းတစ်ပါး၏
များအေးချမ်းစွာ နေထိုင်နိုင်ရန် ကာကွယ်
ကာကွယ်ရေးအင်အားစုကြီးတွင် ရဲများ၊
ည်။ တပ်မတော်သားများကား နိုင်ငံတော်
ဏာ(လွတ်လပ်ရေး) ထာဝရတည်မြဲရေး
း စွန့်လွှတ်စွန့်စား အသက်ပေးဆောင်ရွက်
သမား၊ လယ်သမား၊ ကျောင်းသားလူငယ်၊
ယ်များ၊ တပ်မတော်သားများ၊ ရဲများသည်
လက်ပါ ထမ်းဆောင်ကျေပွန်ခြင်းဖြင့်
ထုတ်ပြသလေ့ရှိကြသည်။ တပ်မတော်သား
တ်ဓာတ်ကို အကောင်အထည်ဖော်နေရ

တော်(စစ်တပ်)များ ရှိပေသည်။ ယင်း
သားများသည် မိမိတို့ နိုင်ငံ၊ မိမိတို့လူမျိုး၊
ကို ကာကွယ်စောင့်ရှောက်ကြပေသည်။
သော၊ စစ်အင်အားမာနလွန်လာသော၊
သားချင်းစာနာထောက် ထားမှု အသိကင်း
မိတို့၏ မတော်လောဘအတွက် ခက်ထန်
ဒါသမြင့်တက်လာသော နိုင်ငံများသည်
သည်။ ဖက်ဆစ်ဝါဒဖြင့် ဗိုလ်ကျရမ်းကား
လာဘလွန်၊ မောဟမွန်၊ ဒေါသကျွံ၊ မာန
မှ စစ်တပ်များသည်ကား နယ်ချဲ့တပ်၊
ခါးပိုက်ဆောင်တပ်များဖြစ်လာသည်။

သို့နိုင်ငံကိုမျှ နယ်ချဲ့လောဘမျိုးဖြင့် မကျူး
်လာသော ပြည်ပကျူးကျော်သူများကိုမူ
်ထုတ်ပစ်လေ့ရှိသည်။ မိမိတို့နိုင်ငံအား
သော ရန်သူများကို တွန်းလှန်မောင်းထုတ်
ဆုံးရေဖျားအထိ လိုက်လံတိုက်ခိုက်ကာ
ပညာပေးလေ့ရှိသည်။ ၁၈၂၄ခုနှစ်မှစ၍

စစ်ပွဲသုံးကြိမ်ဖန်တီးခဲ့သော အနောက်နယ်ချဲ့တပ်များကိုလည်း မြန်မာဘုရင်၏ တပ်မတော်နှင့် တိုင်းရင်းသားမျိုးချစ်များက သမိုင်းပြောင်စွာ တွန်းလှန် တိုက်ခိုက်ခဲ့ကြသည်။

ခရစ်နှစ် ၁၈၈၅ခုနှစ်မှစ၍ မြန်မာနိုင်ငံကို ကျူးကျော်စိုးမိုးချယ်လှယ်သွေးစုပ်သော ဗြိတိသျှနယ်ချဲ့သမားများအား လက်နက်ကိုင်တိုက်ခိုက်ရန် တို့ဗမာအစည်းအရုံးဝင် မြန်မာမျိုးချစ်လူငယ်သုံးဆယ်သည် ပြည်ပသို့သွားရောက်ကာ စစ်ပညာ၊ စစ်လက်နက်အကူအညီများရယူကြိုးပမ်းခဲ့ကြသည်။ ၎င်းတို့သည် ဒုတိယကမ္ဘာစစ်ပွဲဖြစ်ပွားစမှာပင် BIA (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်းကာ နယ်ချဲ့ဗြိတိသျှတပ်များကို မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို ကျူးကျော်စိုးမိုးဖိနှိပ်ညှဉ်းပန်းနေသော ဖက်ဆစ်ဂျပန်တို့က မြန်မာ့သတ္တိ၊ မြန်မာ့တပ်မတော်၏ အစွမ်းကိုစိုးရိမ်ကာ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို အင်အားလျှော့ချစေလျက် ပြင်ဖွဲ့ခိုင်းခဲ့သည်။ ဤသို့ဖြင့် BIA မှ BDA (ခေါ်) ဗမာ့ကာကွယ်ရေးတပ်မတော်ဖြစ်လာရသည်။ ထိုမှတစ်ဆင့် (BNA) ဗမာ့အမျိုးသားတပ်မတော်ဟု ပြင်ဖွဲ့ခဲ့သည်။

ဗမာ့တပ်မတော်သည် အင်အားလျှော့ချရန် ဖိအားပေးခံရ၍ တပ်အင်အားနည်းပါးခဲ့ရသော်လည်း ဖက်ဆစ်ဂျပန်များကို ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့မှ စတင်၍ တော်လှန်တိုက်ထုတ်နိုင်အောင် အင်အားကြီးခဲ့သည်။ တိုင်းရင်းသားမျိုးချစ်များ၏ ဖက်ဆစ်တော်လှန်ရေးသမား အင်အားကြီးက တပ်မတော်ကို အားဖြည့်ပေးလာခဲ့ခြင်းကြောင့်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်တို့၏ ဖိအားပေးမှုကြောင့် အင်အားလျှော့နည်းခဲ့ရသော တပ်မတော်သည် ပြည်သူ့သားသမီးများဖြင့် ဖွဲ့စည်းသောတပ်မတော်၊ ပြည်သူ့တပ်မတော်အဖြစ် ပြည်သူက အားပေးလာခဲ့သည်။ ထိုသို့ အားပေးလာစေမည့် တေးသီချင်းတစ်ပုဒ်ကို ဂီတစာဆိုရွှေတိုင်ညွန့်က ရေးစပ်ပေးခဲ့သည်။ ထိုသီချင်းရေးပေးသည့်အချိန် ဆရာရွှေတိုင်ညွန့်သည် အိပ်ရာထဲလဲနေခဲ့သည်။ ဖျားနာချည့်နဲ့နေခဲ့သည်။ သို့သော် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။ ထို့ကြောင့် တပ်မတော်ကြီးကို အင်အားရှိအောင် မိဘပြည်သူတို့က ကိုယ့်သွေးကိုယ့်သားများကို စောင့်ရှောက်ကူညီရန် ရေးဖွဲ့ခဲ့သည်။ ယနေ့တိုင် ထိုသီချင်းသံကို စဉ်ဆက်မပြတ် ဤသို့ ကြားနေရပေသည်-

မောင်နွယ်စစ်

"(ခေတ်မီအောင်သာ ကမ္ဘာမြေတစ်ဝန်းမှာ ဒို့အစွမ်းကိုပြမည်. . .
တပ်မတော်ဂုဏ်ရောင် ထွန်းပြောင်ဖို့ရာ ဒို့တာဝန်ဖြစ်သည်. . .)၂"
တစ်မျိုးသားလုံးအတွက် အသက်နဲ့လဲမယ့် အာဇာနည်ပီပီ. . .
အရေးရှိခဲ့ရင်. . . ရှေ့ကရပ်ကာ အသေခံမယ် ယုံကြည်
ငါတို့တပ်မတော်အမှန်ဖြစ်သည်. . .
နိုင်ငံ့တပ်မတော်အမှန်ဖြစ်သည်. . .
အင်အားကို ကြီးမားအောင်ကူညီ. . .
(တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ. . .
ရဲဘော်အပေါင်းကို ကိုယ့်သွေးသားလို အစဉ်မမေ့အပ်ပေပြီ)၂
(ကြီးကြီးစားစား ဒို့အမျိုးသားစစ်သည် ဖွဲ့သတ္တိညီ. . .
ထူးထူးခြားခြား ခွန်အားစွမ်းပြမည်. . . ရဲဘော်ဇာနည်. . .)၂
တိုင်းပြည်. . . နိုင်ငံကျက်သရေဆောင်ကြပြီ
တကယ်မွန်မြတ်တဲ့ တပ်မတော်ရှေ့သို့ချီ. . .

"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"၊ "ခေတ်မီအောင်သာ ကမ္ဘာမြေတစ်ဝန်းမှာ ဒို့အစွမ်းကိုပြမည်"ဟူသော သီချင်းစာသားနှစ်ပါဒ(နှစ်ကြောင်း)ကို ထုတ်နုတ်စဉ်းစားကြည့်လျှင် နိုင်ငံကို သူတစ်ပါးကျူးကျော်မှုမှ ကာကွယ်နိုင်ရန်၊ ပြည်တွင်း၌ ဆူပူတိုက်ခိုက် သောင်းကျန်းမှုများမှ ကာကွယ်နိုင်ရန် တပ်မတော်အင်အားရှိနေရမည်။ ထိုသို့ အင်အားရှိနေရုံမျှဖြင့် မလုံလောက်၊ ခေတ်မီစွမ်းရည်ပြည့်တပ်မတော် ဖြစ်ရမည်ဟူသော အချက်နှစ်ချက်ကို တွေ့နိုင်ပေသည်။ အရေအတွက်ရော၊ အရည်အချင်းပါ ပြည့်စုံရမည်ဟု ဆိုလိုကြောင်း တွေ့နိုင်ပေသည်။

မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရရှိရန် နယ်ချဲ့များ၊ ဖက်ဆစ်များကို တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့သည်။ ပြည်တွင်းစစ်ဖန်တီးကြသည့် အာဏာစွဲ၊ ငါစွဲ၊ဝါဒစွဲ၊ ပြည်ပစွဲ လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပြည်ထောင်စုမပြိုကွဲအောင်၊ အချုပ်အခြာအာဏာ(လွတ်လပ်ရေး) ပြန်လည်မဆုံးရှုံးရအောင် ကာကွယ်နိုင်ခဲ့သည်။ နယ်ချဲ့ပယောဂဖြင့် မြန်မာ့မြေကို ကျူးကျော်ဖွဲ့ယူနေသည့် တရုတ်ဖြူ(ခေါ်)ကေအမ်တီ (ပြည်ပြေးဘိန်းတရုတ်ဖြူ) များကို တိုက်ထုတ်နိုင်ခဲ့သည်။

မြန်မာဘုရင်များခေတ်တွင် လူဦးရေပမာဏနှင့် လိုက်ဖက်သော တပ်မတော်များ သူ့အင်အားနှင့်သူ ရှိခဲ့သည်။ စစ်ရည်စစ်သွေး၊ လက်ရုံးရည်နှလုံးရည်ပြည့်ဝခဲ့သည်။ ရဲစွမ်းသတ္တိ၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ခဲ့သည်။ ထိုစဉ်က စက်မှုထွန်းကားနေသည့် အနောက်နယ်ချဲ့များ၏ ခေတ်မီလက်နက်နှင့်ယှဉ်လျှင် မြန်မာတို့ဘက်၌ လက်နက်စွမ်းရည်အားနည်းခဲ့သည်။ ယနေ့ခေတ်မြန်မာ့တပ်မတော်သည် စစ်အင်အားလုံလောက်သည်။ စစ်စွမ်းရည်ပြည့်ဝသည်။ စည်းကမ်းပြည့်ဝပြီး စည်းလုံးသော၊ တိုင်းကျိုးပြည်ပြု မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်သည်။ ခေတ်မီစစ်လက်နက်များဖြင့် ခေတ်မီတပ်မတော်အဖြစ် အစဉ်မြင့်တင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၊ ပြည်သူနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်နိုင်စွမ်းရှိသည့် တပ်မတော်ဖြစ်သည်ဟု တိုင်းရင်းသားပြည်သူတို့က ယုံကြည်အားထားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ချုံစေရန်၊ ငြိမ်းချမ်းသာယာစေရန်၊ တိုင်းတစ်ပါး၏ကျူးကျော်မခံရစေရန်၊ ပြည်သူများ
နိုင်ရန် ကာကွယ်ပေးရသည့် လက်နက်ကိုင်ကာကွယ်ရေးအင်အားစုကြီးတွင် ရဲများ၊
ါဝင်ပေသည်။ တပ်မတော်သားများကား နိုင်ငံတော်ကာကွယ်ရေး၊ အချုပ်အခြာအာဏာ
ဝရတည်မြဲရေးအတွက် ရင်ကိုမြေကတုတ်လုပ်ပြီး စွန့်လွှတ်စွန့်စား အသက်ပေး
းဖြစ် . . .

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၉ မှ ၄-၄-၂၀၀၉)
(ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသသွားပါမည်)

နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသူ ဒေသခံများအား တပ်မတော်သားများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ ဇာတ်ဝင်ခန်းကို ဤသို့တွေ့ရသည်။

ခန့်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ သရုပ်ဆောင် မင်းမော်ကွန်းနဲ့ တွေ့ဆုံမေးခဲ့ရာ "တပ်မတော်နေ့ ဂုဏ်ပြုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွေ အရင်က ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ဒီလိုပါဝင်သရုပ်ဆောင်ခဲ့တာမို့ ဇာတ်ကားအပေါ် အတော်အားရကျေနပ်မိပါတယ်" ဟု ဗိုလ်ကြီးတင်အောင်စိုးက ရှင်းပြသည်။

"ထာဝရ" ရုပ်မြင်သံကြား ဇာတ်လမ်း ရိုက်ကူးခဲ့ရာတွင် ရိုက်ကွင်း အခက်အခဲများရှိခဲ့သဖြင့် ပင်ပန်းစွာရိုက်ကူးခဲ့ရသော်လည်း ဒေသခံများက ရင်ထဲမှ ခံစားချက်အပြည့်ဖြင့် ကူညီခဲ့သဖြင့် အောင်မြင်စွာပြီးစီးခဲ့ခြင်းဖြစ်သည်။

ထို့နောက် "ထာဝရ" ရုပ်မြင်သံကြားဇာတ်လမ်းတွင် ဗိုလ်မှူးခိုင်တိုင်း ကိုယ်တတ်တဲ့အနုပညာနဲ့ ခံစားမှုအပြည့် သရုပ်ဆောင်ခဲ့တာချည်းပါပဲ။ ဒီရုပ်မြင်သံကြား ဇာတ်လမ်းမှာ အားရမှုအရှိဆုံးအခန်းကတော့ နာဂစ်မုန်တိုင်း ကြုံတွေ့ခံစားရတဲ့ ဖျာပုံဝန်းကျင်ဒေသမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ရိုက်ကူးတဲ့အခန်းဖြစ်ပါတယ်. . . ခံစားပြီး သရုပ်ဆောင်ခဲ့တာပါ" ဟုရှင်းပြသည်။

ကောလာဟလသတင်းများကြောင့် ထင်ယောင်ထင်မှားဖြစ်နေသော အစ်ကိုဖြစ်သူအား အမြင်မှန်စေရန် ရှင်းပြနေသည့် ညီလုံ့ရည်(မိုးဟေကို)၏ သရုပ်ဆောင်မှုက ပီပြင်စွာ . . .

မင်းမော်ကွန်းသည် တပ်မတော်(ကြည်း)မှ ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးခိုင်ခန့်အဖြစ်နှင့် ဒေါက်တာခင်ဝင်းလတ်(အိန္ဒြာကျော်ဇင်)၏ ချစ်သူအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ပြည်သူတို့အတွက် အရေးကြုံလာလျှင် နှလုံးသားကိစ္စများကို ဘေးဖယ်ကာ တာဝန်ကို ဦးစားပေးပြီး ထမ်းဆောင်တတ်သည့် တပ်မတော်သားတစ်ဦးအဖြစ် ပီပြင်စွာ သရုပ်ဆောင်ထားသည်။

ထို့ကြောင့် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသော "ထာဝရ" ရုပ်မြင်သံကြားဇာတ်လမ်းကို မကြာမီ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသတော့မည်ဖြစ်ပါကြောင်း သတင်းကောင်းအဖြစ် တွေ့ဆုံ မေးမြန်းရေးသားလိုက်ပါသည်။ ။

"ထာဝရ" ရုပ်မြင်သံကြား ဇာတ်လမ်းတွင် (ကြည်း၊ ရေ၊ လေ) တပ်မတော်သား သူငယ်ချင်းသုံးဦး အကြောင်း၊ စစ်သည်တစ်ဦး၏ ဘဝဇာတ်ကြောင်းတို့နှင့် သဘာဝဘေးအန္တရာယ်အဖြစ်ဆိုး ကြုံတွေ့ရမှု၊ နှလုံးသားရေးရာများအား ဘေးဖယ်ထားပြီး တာဝန်ကို အဓိကအလေးအနက်ထား ဆောင်ရွက်သည့် တပ်မတော်သားများ စသည်တို့ကို လွမ်းဆွတ်ကြေကွဲဖွယ်ရာ ရိုက်ကူးတင်ပြထား . . .

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာမြို့နယ် လမ်းသစ်များဖွင့်ပွဲနှင့် တွံတေးမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် ချောင်းကူးတံတားများဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်

ရန်ကုန် မတ် ၂၁

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဖောက်လုပ်တည်ဆောက်ခဲ့သော လမ်းသစ်များနှင့် ချောင်းကူးတံတားများဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် သတ်မှတ်နေရာ အသီးသီးတို့၌ ကျင်းပကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် မြို့မငြိမ်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နံနက် ၈ နာရီတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန် နှင့်တာဝန်ရှိသူများက လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် လှိုင်သာယာမြို့နယ် (၁၄) ရပ်ကွက် အောင်သုခလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရေငန်ရိုးချောင်းကူး တံတားဖွင့်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရေငန်ရိုးချောင်းကူး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ခရိုင် ကြည့်မြင်တိုင်မြို့နယ် ဝေလချောင်း ကူးတံတားဖွင့်ပွဲကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါတံတားမုခ်ဦး၌ ကျင်းပ ရာ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ သည် ဝေလချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝေလ ချောင်းကူးတံတားအနီးရှိ ယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တွံတေး-လှိုင်သာယာ လမ်းနှင့် ဆက်သွယ်ထားသော တမာ တကော-ထိန်ကုန်းလမ်း (တွံတေးမြို့နယ်)၊ အေးရွာ-ဂျောင်ဝိုင်းလေးလမ်း (ကြည့်မြင် တိုင်မြို့နယ်)နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့သို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းများ၊ ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးရေး လမ်းမကြီး လမ်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ် ရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ကို ရှင်းလင်းတင်ပြကြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များမှာကြားသွား သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကြည့်မြင်တိုင်မြို့နယ် ဝေလချောင်းကူးတံတားဖွင့်ပွဲတွင် တံတားကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

သုံးပန်လှ တပ်မတော်

☆ ပိုရမစ်မှာ ထင်ရှားစွာလျှင်
မျက်နှာသုံးဘက် ရှိလေသည်။
☆ သံဖြင့်ထုဆစ် သံလူဖြစ်စေ
ဒို့မြေကျူးကျော် ဒို့ပေါ်စော်ကား
ဒို့အားနှိပ်စက် ဒို့သက်ရန်မူ
ဒို့လူသတ်ဖြတ် ဒို့တပ်ဖျက်ဆီး
ဒို့စည်းဖောက်ချိုး ဒို့မျိုးထိခိုက်
ဆိုးသွမ်းမိုက်မူ သောင်းကျန်းသူတိုင်း
ကျူပြင်ပိုင်းခုတ် အမြစ်ဖြုတ်က
ကျူငုတ်မခြင်း အပြတ်ရှင်းသို့
ရန်ကြွင်းမချန် အောင်ပွဲခံမည်
ရန်သူဆိုလျှင် နေလိုမီးလို။
☆ ရေကိုခြားစဉ် ကြားမထင်ပြီ
တံတားတည်ဆောက် အတူရောက်လျက်
လမ်းသစ်ဖောက်ရာ ကိုယ်တိုင်ပါပြီး
လယ်ယာလုပ်ခွင် ဝင်၍ကူညီ
ကန်တည်ဆည်တား လုပ်အားလှူပေး
ပြည်ရေးရွာကျိုး ဆောင်သယ်ပိုးခဲ့
ကျတဲ့ချွေးစက် ပြည့်အတွက်ပဲ
ဘယ်သူခွဲခွဲ သွေးမကွဲဘူး
အမြဲရှင်ကြည် အသွင်ညီတူ
ပြည်သူဆိုလျှင် ရေလိုလလို။
☆ အမည်နာမ မတူကြလည်း
မိဘလုပ်ကိုင် မတူနိုင်လည်း
နေထိုင်မွေးရပ် မတူတတ်လည်း
စိတ်ဓာတ်ခိုင်ကျည် မိမြန်ပြည်တွက်
ရည်သန်စိတ်မှာ စစ်ဝန်တာကို
ကျေစွာထမ်းသူ သားကောင်းလူတိုင်း
ကြည်ဖြူမခွဲ တတွဲတွဲလေ
ရဲစွမ်းသတ္တိ ကိုယ်စီရှိလျက်
သက်စွန့်တိုက်ပွဲ တူယှဉ်နွဲပျော်
ရဲဘော်ချင်းဆို ညီအစ်ကိုလို။
☆ ဩော်--
ရန်သူဆိုလျှင် နေလိုမီးလို
ပြည်သူဆိုလျှင် ရေလိုလသို့
ကိုယ့်ရဲဘော်ချင်း ညီနောင်ရင်းဟု
စိတ်တွင်းသတ်မှတ် သတိချပ်၏
ပိုရမစ်သွင် သုံးဘက်မြင်သူ
သူသည်ပြည်သူ တပ်မတော်သား
ပြည်သူမွေးဖွား ပြည်သူ့သား။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုလျက် -

ကိုချိုစံ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၁၀ ၇။ တေးဂီတအစီအစဉ်
၈း၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ **“အဆုံးအဖြတ်” (ခန့်စည်သူ၊ ငှက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-ဖုန်းမြင့်အောင်]**
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ“အားကိုးချစ်သူကျေးတောသူ”(အပိုင်း-၃၃)
၁၂း၃၀ ၅။ **မြန်မာရုပ်ရှင် “ဝေလည်းမွေး၊ ကြွေလည်းမွေး” (ကျော်ဟိန်း၊ ဒွေး၊တင့်တင့်ထွန်း) [ဒါရိုက်တာခင်မောင်ဦး၊စိုးသိမ်းထွန်း]**
၂း၃၀ ၆။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၂း၄၅ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၁၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (အပိုင်း-၃)
၆း၅၀ ၁၂။ **“အဖေတူသား”(ပထမပိုင်း) (ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ပန်းဖြူနန္ဒာလှိုင်၊ သက်မွန်မြင့်၊မေသဥ္ဇာဦး) [ဒါရိုက်တာ-ပန်းချီ-စိုးမိုး]**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ပြည်သူ့အတွက်တပ်မတော် (သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည့် ရှေးခေတ်မြန်မာ့တပ်မတော်)
၁၇။ **“အဖေတူသား”(ဒုတိယပိုင်း) (ဇင်ဝိုင်း၊လူမင်း၊မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ပန်းဖြူနန္ဒာလှိုင်၊ သက်မွန်မြင့်၊မေသဥ္ဇာဦး) [ဒါရိုက်တာ-ပန်းချီ-စိုးမိုး]**
၁၈။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM	& PM	
၇း၀၀	- ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	- ၁း၀၅	“ဒေဝဒူတသုတ္တန်” တရားတော် (ဆရာတော် ဦးအဂ္ဂညာဏ)
၈း၀၀	- ၂း၀၀	Sunday Talk (သစ္စာနီ၊ မောင်လင်းရိပ်၊ မျိုးမြတ်သူ)
၉း၀၀	- ၃း၀၀	Soccer Update
၉း၁၅	- ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	- ၃း၂၅	ရာဇဝင်မြစ်ကမ်းပေါ်မှ----နားခိုရာ
၁၀း၀၀	- ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	- ၄း၀၅	စားချင်ဖွယ်ရာပြုလုပ်ထားကံရိုးရွာက မုန့်ဟင်းခါးဖတ်ခြောက်များ
၁၀း၁၅	- ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	- ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	- ၄း၂၅	ကမ္ဘာ့အားကစားဇာတ်ခုံ (ဦးဖေသိန်း၊ နေအောင်သန့်)
၁၀း၅၀	- ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	- ၅း၀၀	နတ်လူသာခုခေါ်စေသော် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) [ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၁း၂၀	- ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	- ၅း၂၅	မြေလတ်ဒေသရဲ့လက်ဆောင်
၁၁း၃၀	- ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	- ၅း၃၅	ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့်ဖွံ့ဖြိုးတိုးတက်နေသော ရွှေတန့်တစ် စံပြကျေးရွာ
၁၁း၅၅	- ၅း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃)(စစ်ရေးတေး)
၁၂း၁၀	- ၆း၁၀	(၆၆)ကြိမ်မြောက်ရွှေကမ္ဘာလုံးထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား(အပိုင်း-၁)
၁၂း၄၀	- ၆း၄၀	ရရထားကြီးပျော်ပျော်စီး
၁း၀၀	- ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Wigan - Hull City	ESPN(Live)
၉း၂၅	Man City - Sunderland	STAR SPORTS(Live)
၁၀း၂၅	Liverpool - Aston Villa	ESPN(Live)

ကျေးလက်ပြည်သူအားလုံး စာပေဗဟုသုတမြင့်မားအောင် ရည်ရွယ်ဖွင့်လှစ်ထားသော ကျေးရွာစာကြည့်တိုက်များတွင် အမှန်တကယ်ဖတ်ရှုလေ့လာသည့်အလေ့အကျင့်ကောင်းများရရန် ကြိုးပမ်း မိမိဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်

နေပြည်တော် မတ် ၂၁

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်အခမ်းအနားနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်းပေးအပ်ပွဲကို မတ် ၁၅ရက် နံနက် ၉နာရီတွင် ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘိန်းနွယ်ချောင်၊ စုန်းကျင်း၊ စုန်းချောင်း၊ ကျောက်မှော်၊ ဘန့်ဘွေး၊ ကွေ့ချောင်း၊ အောင်မိုး၊ ထန်းတောကြီး၊ ကျေးစာကျကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူ ၃၀၀၀ကျော်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ကျေးရွာများမှ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိန်းနွယ်ချောင်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်သုံးသိန်း၊ ကန်ချောင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံလှူဒါန်းပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ ကျောင်းသားလူငယ်များ အလွယ်တကူ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိနေပြီဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအနေဖြင့် ကလေးသူငယ်များ၏ ပညာရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အသိအမှတ်ပြုအားပေးပါကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးလက်ပြည်သူအားလုံး စာပေဗဟုသုတမြင့်မားတိုးတက်အောင်ရည်ရွယ်၍ တည်ထောင်ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ပြည်သူများ စာပေဗဟုသုတများကို အမှန်တကယ်ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဖန်တီးဆောင်ရွက်ပေးထားသည့်အလျောက် ကျေးလက်နေပြည်သူများအနေဖြင့် မိမိဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူနေမှုဘဝ ပိုမိုမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အစိုးရဘက်က လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်လူလူထုတစ်ရပ်လုံးအနေဖြင့် လူနေမှုဘဝမြင့်မားလာကာ စာပေဗဟုသုတနှင့် အတွေးအခေါ် အဆင့်အတန်း တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မှန်ကန်စွာ ဝေဖန်ဆုံးဖြတ်နိုင်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုခံယူလျက်ရှိသော မုံရွာခရိုင်အတွင်းရှိ မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ဒေသများမှ မျက်စိဝေဒနာရှင်များအား လိုက်လံအားပေးနှုတ်ဆက်ခြင်း၊ စမ်းသပ်စစ်ဆေးမှုပြုလုပ်ပေးကြသော ကျန်းမာရေးဝန်ထမ်းများကို အားပေးခြင်း၊ အနီးကြည့်အဝေးကြည့်မျက်မှန် အခမဲ့စမ်းသပ်ပြုလုပ်ပေးသည့်နေရာတွင် ပါဝါမျက်မှန်များ လှူဒါန်းတပ်ဆင်ပေးခြင်း၊ အကြီးစားခွဲစိတ်ခန်းမနှင့် အသေးစားခွဲစိတ်ခန်းတို့တွင် ခွဲစိတ်ကုသပေးလျက်ရှိကြသော ဆရာဝန်ကြီးများအား သွားရောက်နှုတ်ဆက်အားပေးခြင်း၊ ခွဲစိတ်ပြီးစလူနာများအား ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယင်းမာပင်မြို့နယ် ဘိန်းနွယ်ချောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ပန္နက်စိုက်ထူပေးစဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ပြည်သူ့ဆေးရုံ၌ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုခံယူလျက်ရှိသော မုံရွာခရိုင်အတွင်းရှိ မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ဒေသများမှ မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)နှင့်(ရန်ကုန်)အတွက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)နှင့်(ရန်ကုန်)အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်)ရုံးခွဲ ဝန်ကြီး၏ ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင်ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လကိုယ်စား မယ်တော်ကြီးဒေါ်တင်လှနှင့် တပည့်ဒါယကာ ဒေါက်တာဦးလှမော်တို့က နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)အတွက် အလှူငွေကျပ်သိန်း ၁၀၀နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အတွက် အလှူငွေကျပ်သိန်း ၅၀တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ပရီမီယာလိဂ် ပွဲစဉ်(၃၀)ရလဒ်များ

ဘလက်ဘန်း	၁	-	၁	ဝက်စ်ဟမ်း
ဖူလ်ဟမ်	၂	-	၀	မန်ယူ
ပို့စ်မောက်	၂	-	၁	အဲဗာတန်
စတုတ်စီးတီး	၁	-	၀	မစ်ဒယ်ဘရော့
စပါး	၁	-	၀	ချယ်လ်ဆီး
ဝက်စ်ဘရွန်း	၁	-	၁	ဘော်လ်တန်

အင်တာနက်။

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တမန်တော်နေ့အခမ်းအနား တက်ရောက်

ရန်ကုန် မတ် ၂၁

တမန်တော်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၁၄၈၃)ကြိမ်မြောက် တမန်တော်နေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်များ အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမန်တော်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သဘာပတိဦးအောင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အစ္စလာမ်ဘာသာဝင်များအား ဂုဏ်ပြုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ ဦးစီးနာယက သံအမတ်ကြီး ဦးလှမောင်(အငြိမ်းစား)နှင့် ဗဟိုကော်မတီဝင်များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ယဉ်ကျေးလိမ္မာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၁

ယဉ်ကျေးလိမ္မာ ကလေးဟောပြောပွဲကို မတ် ၂၆ ရက်မှဧပြီ ၂ ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းရှိ ယဉ်ကျေးလိမ္မာ ကလေးအထူးသင်တန်း၌ မွန်းလွဲ ၁ နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ရာ စာပေပညာရှင်ကြီးများ ဖြစ်ကြသော ပါမောက္ခ ဆရာကြီး ဒေါက်တာနန္ဒာသိန်းဇံ၊ကဗျာဆရာကြီး မြင်းမူမောင်နိုင်မိုး၊ စာရေးဆရာကြီး ချစ်စံဝင်းနှင့် လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ဟောပြောပို့ချကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

Sony Days Promotion 2009

ရန်ကုန် မတ် ၂၁

Sony Days Promotion ၂၀၀၉ ကို မတ် ၁၈ ရက်မှ ဧပြီ ၉ ရက်အထိ Sony Showroom များနှင့် အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်ကြီးများ၌ ကျင်းပလျက်ရှိသည်။

Promotion ကာလတွင် Bravia LCD ဝယ်ယူသူတိုင်းကို အနည်းဆုံး Sony DVD တစ်လုံးမှ Home Theatre နှင့် Blue Ray Player များအထိ လက်ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

Sony LCD အမျိုးအစားများ အနက် လူကြိုက်အများဆုံးဆိုဒ်နှင့် မော်ဒယ်များကို ယခင်ကမပေးဖူးသောဈေးနှင့် လက်ဆောင်များ၊ တန်ဖိုးရှိသော ဗလာမပါကံစမ်းမဲများဖြင့် Promotion အချိန်အတွင်း Showroom များ၌ ပေးနေသည်။ Basic Model များမှ ကမ္ဘာ့ပထမဆုံးနည်းပညာဖြစ်သည့် Motion Flow 200 Hz နှင့် RGB Dynamic LED စသည့် နည်းပညာနှင့် ထုတ်လုပ်ထားသော Z Series Bravia ကြောင့် ထူးခြားသောခံစားချက်ကို ပေးနိုင်မည်ဖြစ်သည်။ Motion Flow 200 Hz နည်းပညာ၏အစွမ်းမှာ လျင်မြန်သော အရှိန်ဖြင့် လှုပ်ရှားပြောင်းလဲနေသော ဘောလုံးကစားပွဲ၊ အက်ရှင်ရုပ်ရှင်ကားများကို 200 Frame per second ၏ စွမ်းအားကြောင့် ကြည်လင်ပြတ်သားစွာ သဘာဝကျကျ ခံစားကြည့်ရှုနိုင်မည်ဖြစ်သည်။ Sony LCD များသည် ၁၉ လက်မမှ စ၍ အရွယ်အစားစုံလင်သည့်အတွက် သုံးစွဲသူ Customer များကို စိတ်တိုင်းကျစွာရွေးချယ်စရာ ပိုမိုများပြားစေသည်။

Sony Digital Camera နှင့် Video Camera များကိုလည်း ယခု Promotion ပွဲ၌ အထူးလက်ဆောင် Memory Card ကင်မရာအိတ်များဖြင့် ရောင်းချနေသည်။ ထို့ပြင် ဂျပန်နိုင်ငံလုပ် Lumin 2100 ရှိသော Projector ကိုလည်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း၊ ခေတ်ရေစီးကြောင်းအရ အိမ်တွင်းဖျော်ဖြေရေးကို စိတ်ဝင်စားလာကြသဖြင့် လူငယ်တော်တော်များများသည် HiFi System များကို နှစ်သက်ကြကြောင်း၊ လူငယ်များသာမကဘဲ သုံးစွဲသူအများစုသည် Home Audio System များကို အသုံးပြုလာကြပြီး Sony ၏ Home Audio System များကို လူကြိုက်များလာကြောင်း၊ Home Theatre System ၏ အားသာချက်မှာ တကယ့်ရုပ်ရှင်ရုံများ၌ ကြည့်ရသကဲ့သို့ အသံကိုခံစားနားဆင်နိုင်သဖြင့် Sony LCD Video System နှင့် တွဲဖက်ပြီး Sony Home Audio System ကို ဝယ်ယူသုံးစွဲနိုင်ရန်အတွက် Sony Showroom များ၌ ပွဲတော်ရက်အတွင်း အမြန်ဆုံး ဝယ်ယူထားသင့်ကြောင်း၊ Sony ပစ္စည်းများသည် နည်းပညာ မြင့်မားသည့်အပြင် တန်ဖိုးကြီးမားသောကြောင့် " Warranty Card "နှင့် ဝယ်ယူသူမှသာ Sony Service Centre က တာဝန်ယူပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခင်းကျင်းပြသ

Sony Days Promotion 2009 အတွက်ခင်းကျင်းပြသထားသော ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော်မဟာသကြၤန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၂၁

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့၌ တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်

ပြိုင်ပွဲတွင် ရွှေငွေအဆင့်အသင်းလိုက် ပြိုင်ပွဲနှင့် ရွှေ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက်ကျင်းပမည့်ပြိုင်ကွင်းများတွင်အသင်းလိုက် ပထမဆု၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ချီးမြှင့်မည်

ဂေါက်ကွင်းတစ်ကွင်း၌ တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံး အသင်းအတွက် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလားနှင့် အားကစားသမား တစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်အသင်းတစ်သင်းစီတွင် အားကစားသမားခြောက်ဦး ပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမား အားလုံးအနေဖြင့်လည်း အကျောပေး သတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လိုက်နာဆောင်ရွက်ရမည်

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် သုည ဒသမ ၇၅ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၅၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၂ ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၇ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၉၉ ဒီဂရီဖာရင်ဟိုက်)	၂၀-၃-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၇၂ ဒီဂရီဖာရင်ဟိုက်)	၂၁-၃-၂၀၀၉
၉:၃၀ နာရီအချိန် စိုထိုင်းဆ	၇၁ ရာခိုင်နှုန်း	၂၁-၃-၂၀၀၉
နေပူသည့်နာရီပေါင်း	၇ ဒသမ ၅ နာရီခန့်	၂၀-၃-၂၀၀၉

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းများ စစ်ဆေး စီမံကိန်းကို သတ်မှတ်ထားသည့်ကာလအတွင်း စနစ်တကျ သပ်သပ်ရပ်ရပ်ပြီးစီးအောင် ဂရုပြုဆောင်ရွက်ရန်နှင့် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးရေးကိုလည်း ချိန်ကိုက်ပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မတ် ၁၉ရက် နံနက် ၉နာရီတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ပဲခူးတိုင်း ဖြူးမြို့၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု 'ထာဝရ' ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ထာဝရ" အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို မကြာမီ ထုတ်လွှင့်ပြသတော့မည်။ ပြည်သူ့အချစ်တော် နာမည်ကြီး သရုပ်ဆောင်များ ပါဝင်ထားကြသည်ဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ ပရိသတ်များလည်း ကြည့်ရှုအားပေးရန် စိတ်အားထက်သန်စွာ စောင့်မျှော်နေကြပြီဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

'ထာဝရ' ရုပ်မြင်သံကြား ဇာတ်လမ်း၌ မုန်တိုင်းဒဏ် ကယ်ဆယ်ရေး ဇာတ်ဝင်ခန်း တစ်ခန်း ရိုက်ကူးရန် ပြင်ဆင်နေပုံ။

ကြေးမုံ The Mirror (၆၄)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ (ဓာတ်ပုံ) စာမျက်နှာ-၇

❒ ရေနံ့သာမောင်ကျော်ညွန့်၏ "ကောင်းကျိုးဆောင်ဖော် တပ်မတော်" (ကဗျာ) စာမျက်နှာ-၈

❒ မောင်နွယ်စစ်၏ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" (ဆောင်းပါး) စာမျက်နှာ-၈/၉

❒ ကိုချိုစံ၏ "သုံးပန်လှ တပ်မတော်" (ကဗျာ) စာမျက်နှာ-၁၀